မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ ၊ အတွဲ(၄၇)၊ အမှတ် (၂၂၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတိုင်း လေဘေးဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မေ ၁၂ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ဖျာပုံမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မေ ၁၃ ရက်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မုန်တိုင်းဒဏ်သင့် ဒေသများ လယ်ယာမြေပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်း - ကျော်ဖုံး) (သတင်းစဉ်)

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်သယ်ဆောင်ပေးပို့ထောက်ပံ့

ရန်ကုန် မေ ၁၃

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်သယ်ဆောင်ပေးပို့ ထောက်ပံ့လျက်ရှိသည်။

သယ်ဆောင်ပေးပို့

ယနေ့ပေးပို့သော ထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲများ၊ အစားအစာ ရိက္ခာခြောက်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးစက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ခြင်ထောင်များ၊ ခြင်ထောင်များနှင့် ရေသန့်ဘူးများအပါအဝင် စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၅၂၀၀ ကို ဘိုကလေး၊ ဖျာပုံနှင့် ဒေးဒရဲ မြို့နယ်များရှိ သွားလာရေးခက်ခဲသော ကျေးရွာများအရောက် တပ်မတော်ရဟတ်ယာဉ်နှစ်စင်းဖြင့် သယ်ဆောင်ပေးပို့ကြသည်။

ပံ့ပိုးကူညီ

ထိုသို့ ပေးပို့ထောက်ပံ့ရာတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်တာဝန်ရှိသူများသည် ကယ်ဆယ်ရေးလုပ်ငန်းများ၌ လိုအပ်သည်များကို ပံ့ပိုးကူညီပေးရန် လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မေ ၁၃ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တွံတေးမြို့နယ် တမံကြီးကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၁၄ ရက်)

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံ၌ မေလ၃ရက်နေ့က တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များ ထိခိုက်ပျက်စီးမှုအများဆုံး ဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းနှင့်အတူ တစ်ပါတည်းပါလာသည့် ရေဘေးကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ပါ ဆုံးရှုံးခဲ့ရသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီက လေဘေးသင့်ဒေသများသို့ လျင်မြန်စွာ သွားရောက်ပြီး ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်မှုရှိရှိ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြသည်။

နိုင်ငံတော်က လေဘေးသင့်ဒေသများ၌ အချိန်တိုအတွင်း ကူညီကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းများကို မြန်ဆန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ရန်ကုန်မြို့တွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာပြီး မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိသကဲ့သို့ သောက်သုံးရေနှင့် လျှပ်စစ်မီးများလည်း အထိုက်အလျောက် ပြန်လည်ရရှိနေပြီ ဖြစ်သည်။ ယခုအခါ လေဘေးသင့်ဒေသများ၌ အသက်ရှင်ကျန်ရှိသူများ ဆက်လက်ရှင်သန်ရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဖိဖိစီးစီး ဆောင်ရွက်ခဲ့သဖြင့် အခြေအနေများ တည်တံ့လာနေပြီဖြစ်သည်။

နိုင်ငံတော်အား၊ လူမှုရေးအဖွဲ့အစည်းများအပါအဝင် ပြည်သူများ၏အား၊ ပြည်တွင်းပြည်ပ စေတနာရှင်များ၏အားကို ပေါင်းစည်းပြီး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် လုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်လာခြင်း ဖြစ်သည်။ လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့လျက်ရှိသကဲ့သို့ ပြည်သူများ အမိုးအကာအောက် ရောက်ရှိရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိသည်။

လေဘေးသင့်ဒေသများ၌ ပျက်စီးဆုံးရှုံးသွားသည့် စာသင်ကျောင်း၊ ဆေးရုံ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များကို ဦးစားပေးအဆင့်လိုက် ပြန်လည်ထူထောင်ရာတွင် ပုဂ္ဂလိကကုမ္ပဏီ အဖွဲ့အစည်းများကလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ ပေါင်းစပ်ပြီး လုပ်ငန်းများ ထိရောက်လျင်မြန်မှုရှိရေး ဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး အင်တိုက်အားတိုက် ကြိုးပမ်းစွမ်းဆောင်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကကုမ္ပဏီများ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောလျင်မြန်ဆန်စွာ ပြီးမြောက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မုန်တိုင်းဒဏ်ခံရသည့် ရုပ်ရှင်လောကသားများအတွက် ထောက်ပံ့ငွေများထုတ်ပေးမည်

ရန်ကုန် မေ ၁၃

မုန်တိုင်းဒဏ်ခံရသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ထောက်ပံ့ကြေးအဖြစ် အစည်းအရုံးဝင် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သောင်း ထောက်ပံ့မည်ဖြစ်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဘဏ္ဍာရေးမှူး ဦးဇော်မင်း(မင်္ဂလာ)က ငွေကျပ်သိန်း ၃၀၊ စာရင်းစစ်(၃) အကယ်ဒမီဒေါ်ခင်လေးသိမ့်က ငွေကျပ်သုံးသိန်း လှူဒါန်းထားသည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ထောက်ပံ့သည့် ငွေကျပ်တစ်သောင်းနှင့်အတူ အလှူရှင်များ၏ ထပ်ဆောင်းငွေအဖြစ် ငွေကျပ်တစ်သောင်း စုစုပေါင်း ငွေကျပ်နှစ်သောင်းတိတိ ပံ့ပိုးမည်ဖြစ်သည်။

လာရောက်သတင်းပို့

လေဘေးဒဏ်ခံရသည့် ရုပ်ရှင်လောကသားများသည် မေ၁၃ရက်မှ စတင်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် လာရောက်သတင်းပို့ ထုတ်ယူနိုင်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များသည် လေဘေးဒဏ်ခံရသည့် နေရာဒေသများတွင် လုပ်အားပေးလျက်ရှိရာ ပါဝင်လုပ်အားပေးလိုကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များအနေဖြင့်လည်းကောင်း၊ အကူအညီ ရယူလိုသူများအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှတ်၁၆ ဝင်္ကပါလမ်း ဗဟန်းမြို့နယ် ဖုန်း-၇၂၇၈၃၁သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၄-၅-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြ်န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၄၆)
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောဤကမ္ဘာ** (အပိုင်း -၁၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လှူရှင်တော်ရွှေဖလား
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၇)

ပွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ တနင်္သာရီတိုင်းအတွင်း မြို့နယ်၁၀မြို့နယ်၌ တစ်ပြိုင်တည်းကျင်းပ

ရန်ကုန် မေ ၁၃

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ဆန္ဒခံယူပွဲကို မေ၁၀ရက် နံနက် ၆နာရီက တနင်္သာရီတိုင်းအတွင်း မြို့နယ်၁၀မြို့နယ်ရှိ မဲရုံအသီးသီးတို့၌ တစ်ပြိုင်တည်း ကျင်းပကြရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဇနီး ဒေါ်ခင်သန်းဌေးတို့သည် မြိတ်မြို့နယ် စန္ဒဝတ်အုပ်စု တိုင်းရန်အောင်ခန်းမ၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁၉)သို့ သွားရောက်၍ ဆန္ဒမဲပေးကြသည်။

ကြီးကြပ်ဆောင်ရွက်

အလားတူ မြိတ်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများသည်လည်း မဲရုံများ၌ ဆန္ဒမဲပေးကြသည်။ မြိတ်မြို့နယ်တွင် မဲရုံပေါင်း ၁၆၃ရုံ ဖွင့်လှစ်ထားရှိရာ မဲရုံများမဖွင့်လှစ်မီ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲရုံအဆောက်အအုံ၊ မဲစာရင်း၊ မဲပုံး၊ ဆန္ဒမဲလက်မှတ်စသည်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင်း လမ်းများပိတ်ဆို့နေမှု စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှား

ရန်ကုန် မေ ၁၃

မုန်တိုင်းဒဏ်ကြောင့် လမ်းပိတ်ဆို့မှုဖြစ်ခဲ့သည့် ရန်ကုန်မြို့တွင်းရှိ လမ်းများတွင် ပိတ်ဆို့နေမှုများအား ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီများက လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် ရှင်းလင်းဖယ်ရှားခဲ့သည်။

ရှင်းလင်းဖယ်ရှား

ထိုသို့ရှင်းလင်းဖယ်ရှားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထရပ်ကား ၁၁စီး၊ စက်ယန္တရားတစ်စီး၊ လူအင်အား၃၀၀ခန့်တို့ဖြင့် အင်းလျားလမ်း၊ ပြည်သူ့လွှတ်တော်၊ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်၊ သထုံလမ်းတို့တွင်လည်းကောင်း၊ ရွှေတောင်ကုမ္ပဏီက ပြည်လမ်း၊ လှည်းတန်းနှင့် ရှစ်မိုင်ကြားတွင် စက်ယန္တရား ၁၈စီး၊ လူအင်အား၄၇ဦးတို့ဖြင့် လည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီက ရန်ကုန်-အင်းစိန်လမ်းမကြီး လှည်းတန်းလမ်း၊ သမိုင်းလမ်းဆုံကြားနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် စက်ယန္တရား ၃၆စီး၊ ချိန်းဆောရှစ်လက်၊ လူအင်အားတို့ဖြင့် ယမန်နေ့ နံနက်၇နာရီမှ ညနေ၄နာရီအထိ လမ်းပိတ်ဆို့မှုများအား ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မေ ၂ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဒေသများအတွက် မလေးရှားနိုင်ငံမှ ဆေးဝါးမျိုးစုံ၊ အစားအသောက်များ၊ အဝတ်အထည်များ၊ မိုးကာတဲများ C-130 လေယာဉ်နှစ်စင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများသို့ အလှူရှင်များက အလှူငွေများနှင့် သက်န်းများလှူဒါန်း

ရန်ကုန် မေ ၁၃

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် လေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ဘုန်းတော်ကြီးကျောင်းများသို့ စေတနာရှင်ပြည်သူများက အလှူငွေများနှင့် သင်္ကန်းများကို မေ ၁၃ရက် မွန်းလွဲ ၂နာရီခွဲက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကွပ်ကဲရေးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းခဲ့ကြရာ ဦးရဲအောင်-ဒေါ်လှဲ့လှဲ့(သီရိကုမ္ဗြေကြွယ်ကုမ္ပဏီ)က သင်္ကန်းအစုံ ၂၀၀၊ ဦးစိုင်းမောင်မောင်မြင့်-ဒေါ်ခင်မေသန်းစိုး (Sky Line Co.,Ltd.)က သင်္ကန်းအစုံ ၁၀၀၊ သီရိသုဓမ္မသိင်္ဂီဒေါ်မေသန်းနွယ်(သိင်္ဂီရွှေရည်ဓာတ်ပုံတိုက်)က သင်္ကန်းအစုံ ၁၀၀၊ ဦးသန်းနိုင်(သမ္မတသင်္ကန်းတိုက်)က သင်္ကန်းအစုံ ၁၀၀၊ ဦးထွန်းဝင်းနိုင် (ဘုရင့်နောင်စခန်းအကျိုးဆောင်အဖွဲ့)က သင်္ကန်း ၁၀စုံ၊ ဦးကျော်စိန် (Jewellary Lucky Co.,Ltd.)က သင်္ကန်းအစုံ ၁၀၀၊ ဦးမောင်မောင်ရှိန်နှင့်ညီအစ်ကိုများ (ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်)က သင်္ကန်းအစုံ ၂၀၊ ဦးနေဝင်းအောင်(စိန်ဝတ်မှုံကုမ္ပဏီက) သင်္ကန်းအစုံ ၁၀၀၊ ဦးအေးဝင်း(ဗဟိုစည်အိမ်ရာ၊ လမ်းမတော်)က သင်္ကန်း ၂၅စုံ၊ ဦးစိုင်းဆိုင်-ဒေါ်မြင့်မြင့်ဝင်း OSIO မိသားစု(သုခအိမ်ရာ၊ လှိုင်မြို့နယ်)က သင်္ကန်းအစုံ ၅၀၊ ဟာဂျီလှရွှေ (မအူကုန်းသစ်စက်)က ငွေကျပ်ငါးသိန်း၊ အစ္စလာမ်အဖွဲ့ချုပ်က ငွေကျပ် ၁၀သိန်း၊ KY ကျော်ကျော်ထရေးဒင်းက ငွေကျပ် ၁၀သိန်းနှင့် သင်္ကန်းအစုံ ၁၀၀၊ ဦးဇေယျသူရမွန် (Fresh Air Con OK Power System) က သင်္ကန်းအစုံ ၁၀၀၀၊ ဦးသောမတ်(တမီလ်ပါရ်ကပဲ၊ လူမှုဖွံ့ဖြိုးရေးအဖွဲ့)က သင်္ကန်းအစုံ ၅၀၊ ဦးလှမြင့်(ကေသီပန်ဆေးတိုက်)က သင်္ကန်းအစုံ ၂၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေးဆိုင်)က သင်္ကန်းအစုံ ၂၀၀၊ ဦးသန်းထွန်း (ဗိုလ်တေဇ ၂လမ်း ရေပ်ကွက် သဃ်န်းကျွန်း)က သင်္ကန်းအစုံ ၃၀၊ ဦးအောင်ဇော်မြင့်-ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က သင်္ကန်းအစုံ ၅၀၊ ဦးအေး၊ ဦးမြင့် (ဆောက်လုပ်ရေးပစ္စည်းဆိုင်၊ ကြည့်မြင်တိုင်)က သင်္ကန်းအစုံ ၁၀၀၊ ဦးနင်းစိန်-ဒေါ်မြငြိမ်း (အောင်သိန်းသစ်ဆိုင်၊ ကြည့်မြင်တိုင်)က သင်္ကန်းစုံ ၁၀၀၊ ဦးအာဝါး(ခ)ဦးထွန်း (ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်)က သင်္ကန်းစုံ ၁၀၀၊ ဦးငြိမ်း-ဒေါ်အုန်းကြည်(အိုကေဆန်ပွဲရုံ၊ ဘုရင့်နောင်)က သင်္ကန်းအစုံ ၁၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းက ငွေကျပ် တစ်သိန်းနှင့် သင်္ကန်းအစုံ ၁၀၀၊ လမ်းမတော်မှ ဒေါ်လှလှက သင်္ကန်းအစုံ ၃၀၊ ဦးအောင်မွန်(မြခွာညိုအိမ်ရာ၊ သာကေတ) ကသင်္ကန်းအစုံ၁၀၀၊ ဆန်စပါးထုတ်လုပ်သူများအသင်းက သင်္ကန်းအစုံ၁၀၀၊ ဦးခိုင်လင်း-ဒေါ်ခင်ရွှေ (Easten Hotel)က သင်္ကန်းအစုံ ၅၀၊ ဦးဝေဇင်-ဒေါ်မြမြခိုင်(ယမုံနာလမ်း၊ ဒေါပုံ)က သင်္ကန်းအစုံ ၅၀၊ ဦးမူတူး-ဒေါ်ပလာဝတီ(ယမုံနာလမ်း ဒေါပုံ)က သင်္ကန်းအစုံ ၅၀၊ ရွှေပုဇွန်မုန့်တိုက်က သင်္ကန်းအစုံ ၅၀၀၊ ဦးရွှေအောင် (ရွှေပန်းထိမ်ဆိုင်၊ သာကေတ)က သင်္ကန်းအစုံ ၅၀၊ ဦးမောင်ကောင်း(တောင် ဥက္ကလာပမော်တော်ယာဉ်ထုတ်လုပ်ရေး)က သင်္ကန်းအစုံ ၁၀၀၊ ဦးထွန်းဝင်းနိုင်-မအေးအေးလွင်(ဘုရင့်နောက်ပွဲရုံ)က သင်္ကန်းအစုံ ၃၀တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် သဘာဝ ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် ကျန်းမာရေးဝန်ကြီးဌာနသို့ AMDA (The Association of Medical Doctors of Asia) မှ အလှူငွေ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်ပြီး အလှူငွေကျပ်သိန်း ၆၀ကို AMDA အဖွဲ့မှ Program Director Ms.Yoshie TAKEHISA က ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံရယူကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဖျာပုံမြို့၌ လေဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံမြို့ရှိ ဆန်စက်များ ပုံမှန်လည်ပတ်၍ ဆန်ကြိတ်ခွဲနေမှုများ၊ နိုင်ငံတကာမှ ပေးပို့လှူဒါန်းထားသော အမိုးအကာပါ ရွက်ဖျင်တဲများတွင် လေဘေးသင့်ပြည်သူများအား နေရာချထားမည့်အခြေအနေနှင့် အိမ်မိုးသွပ်များ ဖြန့်ဝေပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ဖျာပုံမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရုံးဌာနအဆောက်အအုံများ၊ ပြန်လည်မွမ်းမံတည်ဆောက်နေမှုများ၊ နေအိမ်များ ပြန်လည်တည်ဆောက်နေမှုအခြေအနေများ၊ သီရိအဏ္ဏဝါခန်းမဘေး၌ လေဘေးသင့်အဆောက်အအုံများ ပြန်လည်ပြုပြင်ဆောက်လုပ်ရန်အတွက် သစ်ခွဲသားများရောက်ရှိနေမှုနှင့် ပြန်လည်ဖြန့်ဖြူးပေးနေမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ အားကစားကွင်း၌ လေဘေးသင့်ပြည်သူများအား စနစ်တကျနေရာချထားပေးနိုင်ရေးအတွက် နိုင်ငံတကာမှ ပေးပို့လှူဒါန်းထားသော ရွက်ဖျင်တဲများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

မှာကြား

ညပိုင်းတွင် ပုသိမ်မြို့ မြဧရာရိပ်သာ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက ဧရာဝတီတိုင်း၌ ဆောင်ရွက်လျက်ရှိသည့် လေဘေးသင့်ပြည်သူများအား ကာကွယ်စောင့်ရှောက်နေရာချထားပြီးစီးမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် စစ်ရေးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော်များ အသံလွှင့်ဟောကြားမည်

ရန်ကုန် မေ ၁၃

၁၃၇၀ပြည့်နှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းစာသင်တိုက် ပဓာန နာယက လယ်တီဆရာတော် ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသော ဆရာတော်ငါးပါးတို့က "ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော်" နှင့် "ဗုဒ္ဓါဘိသေက အနေကဇာတင် ပါဠိတော်များ" ကို အသံလွှင့် ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသောဒေသများအတွက် ရေသန့်စက်များလှူဒါန်း

ရန်ကုန် မေ ၁၃

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့သို့ အလှူရှင်များက ရေသန့်စက်များကို လှူဒါန်းလျက်ရှိရာ ဦးဝင်းမြင့်(ရွှေနဂါးမင်းကုမ္ပဏီ)က ကျောက်တန်းမြို့နယ်သို့လည်းကောင်း၊ ဦးခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ)က ဘိုကလေးမြို့သို့လည်းကောင်း၊ ဦးဌေးမြင့်(ယုဇနကုမ္ပဏီ)က ဖျာပုံမြို့သို့လည်းကောင်း၊ ဦးဝင်းအောင်(ဒဂုံအင်တာနေရှင်နယ်)က ဖျာပုံမြို့သို့လည်းကောင်း၊ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ)က ဘိုကလေးမြို့နှင့် မော်လမြိုင်ကျွန်းမြို့နယ်သို့လည်းကောင်း၊ ဦးအောင်သက်မန်း(ရောရွှေဝါကုမ္ပဏီ)က လပွတ္တာမြို့သို့လည်းကောင်း၊ ဦးဇော်ဇော် (မက်စ်မြန်မာကုမ္ပဏီ)က လပွတ္တာမြို့သို့လည်းကောင်း၊ ဦးဝေဖြိုး(ရသာချိုစက်မှုကုမ္ပဏီ)က ကွမ်းခြံကုန်းမြို့သို့လည်းကောင်း၊ ဦးစိုင်းဘဘဏ် (မော်ဥသျှောင်ကုမ္ပဏီ)က သုံးခွမြို့သို့လည်းကောင်း၊ ဦးကိုကိုထွေး (တော်ဝင်မိသားစုကုမ္ပဏီ)က ဒေးဒရဲမြို့သို့လည်းကောင်း၊ ဦးငြိမ်းအောင် (ဒိုင်းနမစ်ဂရု)က မော်လမြိုင်ကျွန်းမြို့သို့လည်းကောင်း၊ ဦးကျော်ကျော်ဝင်း (စင်းမာကုမ္ပဏီ)က တွံတေးမြို့သို့လည်းကောင်း၊ ဦးတင်မြင့် (ပဲနှမ်းအသင်း၊ ဘရွန်ဘီလာကုမ္ပဏီ)က ကျိုက်လတ်မြို့သို့လည်းကောင်း၊ ဦးအုန်းဆိုင် ဒုတိယဥက္ကဋ္ဌ (ကြက်သွန်အသင်း)က ခရမ်းမြို့သို့လည်းကောင်း၊ ဒေါက်တာစိန်မြင့် (စူပရင်းဂရုပ်)က ငပုတော(ဟိုင်းကြီး)မြို့သို့လည်းကောင်း တန်ဖိုးငွေကျပ် သိန်း ၁၀၀ ရှိ တစ်နေ့လီတာ ၂၅၀၀ ကျ ရေသန့်စက်နှင့် တန်ဖိုးငွေကျပ် ၁၃၅ သိန်းတန်ဖိုးရှိ တစ်နေ့လီတာ ၅၀၀၀ကျ ရေသန့်စက်များကို လှူဒါန်းကြလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ခံရသောပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရေးအတွက် အလှူရှင်များက ရေသန့်စက်များ တည်ဆောက်ပေးစဉ်။ (သတင်းစဉ်)



မုန်တိုင်းဒဏ်သင့်ဝေဒနာရှင်များအတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေနှင့်ဆေးဝါးပစ္စည်းများထောက်ပံ့

ရန်ကုန် မေ ၁၃

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသနေသော မုန်တိုင်းဒဏ်သင့် ဝေဒနာရှင်များအတွက် အလှူငွေကျပ်ခြောက်သိန်းနှင့်ဆေးဝါးပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက မေ၉ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ပြည်နယ်၊ တိုင်းများသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေ၊ဆေးဝါးပစ္စည်းနှင့်အဝတ်အထည်များပေးပို့လှူဒါန်း

ရန်ကုန် မေ ၁၃

မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများအတွင်းရှိ ပြည်သူများအတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပြည်နယ်၊ တိုင်းတစ်ခုလျှင် ငွေကျပ် သိန်း ၂၀စီနှင့် ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများနှင့် အဝတ်အထည်များအား သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များထံသို့ မေ ၅ရက်တွင် ပေးပို့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **အင်တာနက် ကျန်းမာရေး**

လိမ္မော်ရည် သောက်သုံးခြင်းဖြင့် အရိုးကင်ဆာဖြစ်ပွားမှုကာကွယ်နိုင်

လိမ္မော်သီးမှ တိုက်ရိုက်ထုတ်ယူရရှိသည့် လိမ္မော်ရည်ကို ပုံမှန်သောက်သုံးလျှင် ဒူးဆစ် ရောင်ရမ်းခြင်းနှင့် ဒူးအရွတ်များ ပျက်စီးခြင်းတို့ကို အကာအကွယ်ပေးနိုင်ကြောင်း သြစတြေးလျ သုတေသနပညာရှင်များက ပြောကြားသည်။

နှစ်ဆခန့်ပိုများ

လိမ္မော်ရည်တွင် ဗီတာမင်စီများစွာပါဝင်လျက်ရှိရာ အဝါရောင်အသီးများနှင့် အခြား ဗီတာမင်စီဓာတ် ပေါများစွာပါဝင်သော သစ်သီးများထက် အကျိုးပြုဓာတ် ပမာဏ ပါဝင်မှုရာခိုင်နှုန်း နှစ်ဆခန့် ပိုများသည်ဟု ဆိုသည်။

ဆက်လက်ပြောကြား

လိမ္မော်ရည်ကို နေ့စဉ် တစ်ဖန်ခွက်ခန့် သောက်သုံးသွားပါက အရိုးကင်ဆာနှင့် အရိုးအဆစ်ရောဂါများကို ကာကွယ်ပေးနိုင်ကြောင်း၊ ထို့အပြင် ခန္ဓာကိုယ်ကြွက်သားများ သန်မာစေကြောင်းလည်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ လိမ္မော်ရည်စစ်စစ်ကို ပုံမှန်သောက်သူများအား သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ အရိုးရောဂါများအပြင် အရေပြားရောဂါများလည်း မဖြစ်ပွားနိုင်ကြောင်း သြစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မောင်းမကန် ကမ်းသာလမ်းရှိ လေဘေးကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လေဘေးကယ်ဆယ်ရေးစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းရှိ လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များရှိ လေဘေးကယ်ဆယ်ရေးစခန်းများကို လှည့်လည် သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၁နာရီတွင် လှိုင်သာယာမြို့နယ်အတွင်း ပန်းဒံကျေးရွာရှိ အတွင်း ပန်းလေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်း၌ ကြိုတင်ရောက်ရှိနေသော အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ကယ်ဆယ်ရေးစခန်းအတွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ သောက်ရေသန့်ပုံးများ အိမ်အလိုက် စီစဉ်ထားရှိမှု၊ အမှိုက်ပုံးများ စီစဉ်ထားမှု၊ သုံးရေကန်များ ထားရှိမှု၊ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ထားမှု၊ ရေစဉ်ဆက်မပြတ် ရရှိရေးအတွက် အဝီစိတွင်းတူးဖော်နေမှု၊ အမှိုက်ကန်များ ထားရှိမှု၊ အိမ်သာများတည်ဆောက်ထားမှု၊ ကယ်ဆယ်ရေးပစ္စည်းများရရှိမှုနှင့် အပန်းဖြေကြည့်ရှုနိုင်ရန် ဗီဒီယိုများထားရှိပေးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားကာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သို့ ထွက်ခွာသွားသည်။

စီစဉ်ပေး

အတွင်းပန်းဒံကျေးရွာ လေဘေးကယ်ဆယ်ရေးစခန်း၌ ပြည်ပ နိုင်ငံများမှ လှူဒါန်းထားသည့် ရွက်ဖျင်တဲများတွင် အိမ်ထောင်စုများ နေထိုင်စားသောက်ရေးအတွက် စီစဉ်ပေးထားကြောင်း သိရသည်။

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် လှိုင်သာယာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လှိုင်သာယာမြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အပျက်အစီးများ ရှင်းလင်းရေး၊ လျှပ်စစ်မီး၊ ရေနှင့် ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ပြုပြင်တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လေဘေးဒဏ်သင့်ပြည်သူများလက်တွင်းသို့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ တိုက်ရိုက်ရောက်ရှိသုံးစွဲနိုင်အောင် စနစ်တကျ မြန်ဆန်စွာ ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုဇွန်တောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လေဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးကိစ္စများ၊ အပျက်အစီး ရှင်းလင်းရေးနှင့် ကဏ္ဍအလိုက် ပြန်လည်ပြုပြင်တည်ဆောက်မှုဆိုင်ရာများကို ဆွေးနွေးညှိနှိုင်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားပေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၁၆) ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိ၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှု၊ သောက်သုံးရေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

အဆိုပါစခန်း၌ ပြည်ပမှလှူဒါန်းထားသော ရွက်ဖျင်တဲများ၌ အိမ်ထောင်စုများအား နေရာချထားပေးပြီး နေထိုင်စားသောက်ရေးအတွက် စီစဉ်ပေးထားကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၇)ရပ်ကွက် ရတနာပုံလမ်းရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိ၍ လေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးထားမှု၊ သောက်သုံးရေ စီစဉ်ပေးထားမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးမှု၊ အိမ်သာနှင့် အပန်းဖြေရန်အတွက် ဗီဒီယိုစီစဉ်ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားပြောကြား၍ တင်ပြချက်များအပေါ် ညှိနှိုင်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နေရာချထား

အဆိုပါစခန်း၌ ပြည်ပမှ လှူဒါန်းထားသည့် ရွက်ဖျင်တဲများ၌ လေဘေးသင့်အိမ်ထောင်စုများအား နေရာချထားပေးပြီး နေထိုင်စားသောက်ရေးအတွက် စီစဉ်ပေးထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

● *ကျော်ဖုံးမှ*

တိုက်ရိုက်လှူဒါန်းသော အစားအသောက်နှင့် အဝတ်အထည်များသည်လည်းကောင်း၊ ထိုင်းအဲယားဝေးမိသားစုမှ လှူဒါန်းသော မီးဖိုချောင်သုံးပစ္စည်းများ၊ စောင်များနှင့် အခြားပစ္စည်းများ စုစုပေါင်းလေးတန်တို့သည် TG-305 လေယာဉ်ဖြင့် ညနေ ၆နာရီ ၄၅မိနစ်တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

အလားတူ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ ထောက်ပံ့ရေး ပစ္စည်းများ စုစုပေါင်း ၁၁တန်သည် AN-12 လေယာဉ်ဖြင့် ယမန်နေ့ည ၈နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။

ချက်ချင်းပေးပို့

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၃ရက်က လှိုင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးအတွက် လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှဝန်ထမ်းများ ပြုပြင်ကြစဉ်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ပြည်နည်နှင့်တိုင်းအသီးသီးရှိ အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၁၃

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းလျက်ရှိရာ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည် မိသားစုများက ပထမအကြိမ် လှူဒါန်းငွေကျပ် သိန်း ၅၀၀ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၂၅၆၁၁၀၀၀၀ကိုလည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းမှ ပြည်သူများက အလှူငွေကျပ် ၆၁၃၇၇၅နှင့် ငွေကျပ် ၄၅၁၀၇၈၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေ ၇၅၄၈၉၁၅ကျပ်နှင့် ငွေကျပ် ၉၀၉၅၁၄၀၀တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်နှင့် အဝတ်အထည်ပစ္စည်းများကိုလည်းကောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြည်သူများက အလှူငွေကျပ် ၁၁၇၁၀၈၀၀နှင့် ငွေကျပ် ၁၇၈၆၂၅၀၀တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံတို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းမှ ပြည်သူများက အလှူငွေကျပ် ၄၈၂၉၅၀၀နှင့် ငွေကျပ် ၃၀၇၆၆၁၀တန်ဖိုးရှိ အဝတ်အထည်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ မန္တလေးတိုင်းမှ တပ်မတော်သားမိသားစုများနှင့် ပြည်သူများက ငွေကျပ် ၁၂၇၈၆၄၇၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းမျိုးစုံ၊ အဝတ်အထည်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ မကွေးတိုင်းမှ ပြည်သူများက အလှူငွေကျပ် ၁၄၇၀၀၀ ကိုလည်းကောင်း အသီးသီးပေးပို့လှူဒါန်းကြရာ စေတနာရှင်၊ အလှူရှင်များ၏ ယနေ့ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၅၇၅၂၄၅၉၈၀ ဖြစ်ပြီး မေ ၁၃ရက်အထိ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ငွေ ၅၅၃၈၃၇၄၂၁၆ကျပ် ရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)

လေဘေးအတွက်ကူညီလှူဒါန်းမည်

ရန်ကုန် မေ ၁၃

ခရမ်းမြို့နယ်အတွင်း မုန်တိုင်းဒဏ်ခံရသူများအား အမြန်ဆုံးကူညီပံ့ပိုးနိုင်ရေးအတွက် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ ဆောင်ရွက်လျက်ရှိရာ ခရမ်းမြို့နယ်သူမြို့နယ်သားများနှင့် အခြားပါဝင်လှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင် လှူဒါန်းကြပါရန် နိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းလွင် ဖုန်း-၀၉-၅၁-၄၈၀၉၇၊ ဒုဥက္ကဋ္ဌဗိုလ်မှူးကြီး ကိုကိုကျော်(ငြိမ်း)ဖုန်း-၅၀၁၄၃၂၊ ဒုဥက္ကဋ္ဌဦးမြင့်ဆွေ ဖုန်း-၀၉-၅၀၀-၆၈၈၅၊ အတွင်းရေးမှူးဦးအေးလွင် ဖုန်း-၅၀၃၃၉၄၊ အတွင်းရေးမှူးဦးဝင်းကြိုင် ဖုန်း-၀၉-၈၆၀-၁၀၆၁၊ ဦးဟန်မြင့် ဖုန်း-၅၄၆၀၇၅၊ ဦးတင်မြင့် ဖုန်း-၀၉-၅၀-၃၇၃၃၆၊ ဦးသန်းငြိမ်း ဖုန်း-၀၉-၅၁-၀၉၄၃၁၊ ဦးသောင်းတင် ဖုန်း-၀၉-၅၀-၂၆၅၃၈နှင့် အသင်းတိုက် ဖုန်း-၅၄၉၃၃၉ အမှတ်၀၀၁ မြေညီထပ် ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်သို့ ဆက်သွယ်လှူဒါန်းကြောင်းသိရသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် ဒေသထွက်သီးနှံများ နေ့စဉ်တင်ပို့ပေးလျက်ရှိ

ရန်ကုန် မေ ၁၃

ရှမ်းပြည်နယ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းမှ ကုန်သည်ကြီးများ၊ စက်မှုလက်မှု လုပ်ငန်းရှင်အသင်းများနှင့် ညှိနှိုင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်း၊ ပင်းတယ၊ ရပ်စောက်၊ ပင်လောင်း၊ ဟဲဟိုး၊ ညောင်ရွှေတို့မှ ဒေသထွက် အာလူး၊ ကြက်သွန်၊ ခရမ်းချဉ်သီးစသည့် စားသောက်ကုန်သီးနှံများကို နေ့စဉ်မော်တော်ယာဉ်ကြီး ခုနစ်စီးဖြင့် ကုန်ပိဿာချိန် ၇၄၀၀၀ကျော်တင်ဆောင်၍ ဧရာဝတီတိုင်းရှိ လေဘေးသင့်ဒေသများသို့ အထူးဦးစားပေးလျက် မေ ၁၀ရက်မှစတင်ကာ ဆက်သွယ်တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ဝါးခယ်မနှင့်မြောင်းမြမြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများလှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် မေ ၁၂ရက် နံနက် ၈နာရီခွဲတွင် ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်၍ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဝါးခယ်မမြို့သို့ရောက်ရှိပြီး မြို့နယ်မနောသုခရိပ်သာ၌ လေဘေးကယ်ဆယ်ရေးအဖွဲ့များ၊ ပစ္စည်းလက်ခံဖြန့်ဖြူးရေးအဖွဲ့များနှင့်တွေ့ဆုံ၍ ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား မြို့နယ်၊ ကျေးရွာအလိုက် ပြန်လည်စုစည်းရေး၊ ထောက်ပံ့ရေးပစ္စည်းများရရှိ၊ ဖြန့်ခွဲမှုစာရင်းများ ပြုစုတင်ပြရေး၊ ကယ်ဆယ်ရေးစခန်းများတွင် စနစ်တကျ သတ်မှတ်နေရာချထားပေးရေး၊ လေဘေးသင့်ပြည်သူများ၏ ဆုံးရှုံးမှုပစ္စည်းစာရင်းများကို ကြပ်မတ်စစ်ဆေးရန်နှင့် လိုအပ်သောကယ်ဆယ်ရေးပစ္စည်းများကို အချိန်မီ တင်ပြတောင်းခံသွားရေးတို့ကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် စစ်ရေးချုပ်သည် ဝါးခယ်မမြို့ရှိ ဟံသာဝတီနှင့် အခြေခံပညာ မူလတန်းကျောင်း(မင်းပိုင်း) လေဘေးကယ်ဆယ်ရေးစခန်းများရှိ လေဘေးသင့်ပြည်သူများအား သွားရောက် တွေ့ဆုံအားပေးစကားပြောကြားကာ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး ပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် စစ်ရေးချုပ်သည် သာသနာ့ဗိမာန်ရှိ လေဘေးကယ်ဆယ်ရေးစခန်း ကွပ်ကဲမှုရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဝါးခယ်မဆေးရုံ၌ ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် စစ်ရေးချုပ်သည် မြောင်းမြမြို့သို့ရောက်ရှိပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

အားပေးစကားပြော

ထို့နောက် စစ်ရေးချုပ်သည် သာသနာ့ဗိမာန် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်းများရှိ လေဘေးဒဏ်ခံ ပြည်သူများအား လိုက်လံ ကြည့်ရှုအားပေးစကား ပြောကြားကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ် လေဘေးသင့်ခံရသည့် ပြည်သူများအား နိုင်ငံတကာမှ ထောက်ပံ့လှူဒါန်းထားသော ရွက်ဖျင်တဲများတွင် မိသားစုအလိုက် စနစ်တကျ နေရာချထားပေးစဉ်။ (သတင်းစဉ်)

■ *ကျော်ဖုံးမှ*

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် မုန်တိုင်းဒဏ်သင့် ဒေသများဖြစ်သည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းရှိ မြို့နယ်အချို့၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ပေးရေးအတွက် ညှိနှိုင်းဆွေးနွေးကြရန် ယနေ့ အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း။

အဆင့်သုံးဆင့်

မုန်တိုင်းဒဏ်သင့် ဒေသများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ ဦးဆောင်လျက် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရဌာန အဖွဲ့အစည်းများပူးပေါင်းပြီး ပြည်တွင်းပြည်ပ ကူညီထောက်ပံ့မှုများဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်သုံးဆင့်ထားကာ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပထမအဆင့်

ပထမအဆင့်အနေဖြင့် မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ယာယီ နေရာချထားရေး၊ စားဝတ်နေမှုပံ့ပိုးပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးစသည့် လတ်တလောလိုအပ်ချက်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ယခုအခါ အထိုက်အလျောက် နိုင်နင်းစွာ ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

ကူညီထောက်ပံ့

ကြီးမားကျယ်ပြန့်သော လုပ်ငန်းများဖြစ်သည့် ရှာဖွေကယ်ဆယ်ရေး၊ အဝတ်အထည်များ၊ အစားအစာနှင့်သောက်ရေသန့် အပါအဝင် စားဝတ်နေမှု ထောက်ပံ့ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရေး လုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် ဦးစီး၍ နောက်တန်း စခန်းသုံးနေရာ၊ အလယ်တန်းစခန်း ခြောက်နေရာနှင့် ရှေ့တန်းစခန်း ၁၂နေရာ ဖွင့်လှစ်ပြီး ကူညီထောက်ပံ့ပေးမှုများကို ရဟတ်ယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း။

ဒုတိယအဆင့်

တစ်ဆက်တည်းမှာပင် ဒုတိယအဆင့် လုပ်ငန်းများဖြစ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနက် မုန်တိုင်းဒဏ်သင့် ပြည်သူများကို အတည်တကျ ပြန်လည်နေရာချထားရေး၊ ပျက်စီးနေအိမ်များ ပြုပြင်ရေး၊ လိုအပ်သောနေရာများတွင် နေအိမ်သစ်များ ဆောက်လုပ်ပေးနိုင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ ဌာနများ၊ တိုင်းရင်းသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

စာသင်ကျောင်းများ၊ ဆေးရုံ ဆေးပေးခန်းများနှင့်ပတ်သက်သည့် ပျက်စီးဆုံးရှုံးမှုများကို ချက်ချင်းပြုပြင် ပြင်ဆင်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

စီမံဆောင်ရွက်လျက်ရှိ

အစိုးရဌာနဆိုင်ရာ အဆောက်အအုံများ၊ ပုဂ္ဂလိကနေအိမ်များ ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်တည်ဆောက် ပြုပြင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများကို ဒေသအသီးသီး၊ အစိုးရဌာနအသီးသီးမှ အထူးအစီအမံဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ပြည်ပမှတင်သွင်းရန်နှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများက ပံ့ပိုးပေးနိုင်ရန် စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း။

တတိယအဆင့်

တတိယအဆင့်အနေဖြင့် မုန်တိုင်းဒဏ်သင့် ဒေသများနှင့် ပြည်သူများ၏ စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပြည်လည်ထူထောင်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခု မုန်တိုင်းဒဏ်ခံစားရသည့် ဒေသများနှင့် ပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ကို အဓိကလုပ်ကိုင်နေသူများဖြစ်ရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း။

ဖြည့်ဆည်းပေး

ရေလွှမ်းဒေသများ၊ ဆားငန်ရေဝင်ရောက်သည့်ဒေသများတွင် လယ်ယာမြေပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ဖို့လိုကြောင်း၊ ရေငန်တား တာများ၊ ရေတံခါးများ၊ ရေလှောင်တမံများ ပျက်စီးမှုများကို ပြုပြင်ပေးရန်နှင့် ဒေသနှင့်ကိုက်ညီသည့် ဆားငန် စပါးမျိုးများ၊ လယ်ယာသုံးကျွဲနွားနှင့် စက်ကိရိယာများ ကူညီထောက်ပံ့ပေးရန် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပွဲတောင်စက်များ၊ ရေစုပ်စက်များ စသည့် အခြားလိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးနိုင်ဖို့ လိုကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာဌာနအသီးသီးက မိမိတို့ ပံ့ပိုးဆောင်ရွက်ပေးရမည့်အပိုင်းကဏ္ဍများအလိုက် လုပ်ငန်းဆောင်တာအဝဝကို အချိန်ကိုက် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ကာကွယ်ရေးလုပ်ငန်း

ကမ္ဘာနှင့်အဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများ ရှိနေသည့်အားလျော်စွာ ယခင်က သဘာဝဘေးအန္တရာယ်ကျရောက်ရန် မမျှော်မှန်းခဲ့သည့် နေရာဒေသများတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိရာ ယခုကြုံတွေ့ခဲ့သည့် မုန်တိုင်းဒဏ်မှ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း နောင် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း စီမံဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပဏာမ ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း မြို့နယ်အချို့၌လယ်ယာမြေ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေ ၊ ဆားငန်စပါးမျိုး စုဆောင်းမှု၊ ရရှိလာမည့် မျိုးစပါးများ သိုလှောင်ရန်၊ သန့်စင်ရန်နှင့် ဖြန့်ဖြူးပေးရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဓာတ်မြေဩဇာ၊ ခိုင်းကျွဲနွားနှင့် လက်တွန်း ထွန်စက်များ အပါအဝင် လယ်ယာသုံး စက်ကိရိယာပစ္စည်းများလိုအပ်မှုနှင့် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းလိုအပ်ချက်

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မုန်တိုင်းဒဏ်သင့်ဒေသများရှိ တာတမံများ၊ ရေထိန်းတံခါးများ၊ ရေငန်တား တာများ၏ ပျက်စီးမှုများကို မိုးစပါးစိုက်ပျိုးချိန်အမီ ပြုပြင်သွားမည့် အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များ စတင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မုန်တိုင်းဒဏ်သင့် ဒေသများတွင် အောက်ခြေအဆင့်အထိ စီမံခန့်ခွဲရေးဆိုင်ရာများက ကွင်းဆင်းထိတွေ့လျက် စာရင်းဇယားအမှန်ရရှိရေး၊ စီမံခန့်ခွဲမှုယန္တရား ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရေစုပ်စက်၊ လက်တွန်းထွန်စက်၊ နောက်တွဲယာဉ်များ၊ ဂေါ်ပြား ပေါက်ပြား စသည့် လယ်ယာသုံးပစ္စည်းများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ ထုတ်လုပ်ပံ့ပိုးနိုင်မည့် အခြေအနေများကို လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ဓာတ်မြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့်အခြေအနေနှင့် စက်သုံးဆီ ပံ့ပိုးပေးနိုင်မည့်အခြေအနေများကို လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်က မုန်တိုင်းဒဏ်သင့် ဒေသများနှင့်စပ်လျဉ်းသည့် စာရင်းဇယားများ မှန်ကန်စွာပြုစုနိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေကို လည်းကောင်း တင်ပြကြသည်။

အချိန်နှင့်တစ်ပြေးညီ

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများထံမှ ကူညီပံ့ပိုးမှုများ ပေးအပ်နေမှုနှင့် ဆက်လက်ပံ့ပိုးရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်တွင်းပြည်ပမှ ပံ့ပိုးပေးသည့် ထောက်ပံ့ရေးပစ္စည်းများ မုန်တိုင်းဒဏ်သင့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်နေသည့် အခြေအနေများ၊ ကြက်၊ ဘဲ၊ ဝက်၊ ငါး၊ ပုစွန် စသည့် မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့် တိရစ္ဆာန်များ ကပ်ရောဂါမကျရောက်ရေး ကာကွယ်စောင့်ရှောက်ပေးမည့် အစီအမံများ၊ လိုအပ်သော သစ်များရရှိရေးနှင့် အခြားထုတ်လုပ်ပံ့ပိုးနိုင်မှုအခြေအနေတို့ကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးက မုန်တိုင်းဒဏ်သင့် ဒေသများသို့ လှည့်လည်စစ်ဆေးချက်များအရ ပျက်စီးဆုံးရှုံးမှုနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်မီးပြန်လည်ရရှိရေး ဆောင်ရွက်နေမှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်နှင့် ရေငန်မျိုးစပါးများ၊ ချောင်း မြောင်းအတွင်း သွားလာနိုင်သည့် စက်တပ်လှေငယ်များ ပံ့ပိုးပေးနိုင်မည့် အစီအစဉ်များကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်က မုန်တိုင်းဒဏ်သင့် ဒေသများအတွက် လယ်ယာလုပ်ငန်းခွင်သုံး ကျွဲနွားများအပါအဝင် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် စီမံ ဆောင်ရွက်ပေးပြီးနောက် မုန်တိုင်းဒဏ်သင့် ပြည်သူများကို မိမိတို့၏ မိသားစုဝင်များသဖွယ် စာနာထောက်ထားသည့် စိတ်ဓာတ်ဖြင့် အစစအဆင်ပြေအောင် စီမံဆောင်ရွက်ကြရန်၊ အမိုးအကာအောက်တွင် မိသားတစ်စု စိတ်အေးချမ်းမြေ့စွာ ပြန်လည်နေထိုင်နိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းစသည့် စားဝတ်နေရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ကြစေရေးအတွက် ဝိုင်းဝန်း ပံ့ပိုးဆောင်ရွက်ပေးကြရန် မှာကြားပြီး အစည်းအဝေးကို ညနေ ၄နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသည့်ရေယာဉ် နစ်မြုပ်မှုသတင်းမှာ မှန်ကန်မှု မရှိ

နေပြည်တော် မေ ၁၃

မေ ၁၁ရက် ည ၈နာရီတွင် ဘီဘီစီရေဒီယိုသတင်းမှ ကြက်ခြေနီအဖွဲ့ဝင်များ ပါဝင်သော ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်ထားသည့် လှေတစ်စင်းသည် မုန်တိုင်းဒဏ်ခံနေရသော ဒေသတွင်း၌ ရေစီးနှင့်ပါလာသော သစ်ပင်တစ်ပင်နှင့် တိုက်မိ၍ နစ်မြုပ်သွားရာ ကယ်ဆယ်ရေးပစ္စည်းများ နစ်မြုပ်ဆုံးရှုံးသွားကြောင်း၊ လူထိခိုက်မှုမရှိကြောင်း အေအက်ဖ်ပီသတင်းဌာနတွင် ပြောကြားသွားခဲ့ကြောင်း ထုတ်လွှင့်သွားခဲ့သည်။ ဖြစ်စဉ်အမှန်မှာ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ငါးဦးအပါအဝင် ခရီးသည် ၃၅၀ နှင့် ကယ်ဆယ်ရေးပစ္စည်းမျိုးစုံ ၁၀ တန်ခန့် တင်ဆောင်ထားသော "စိန်ဝင်းကြည်"အမည်ရှိ ရေယာဉ်သည် မေ ၁၀ရက် ညနေ ၄နာရီခန့်တွင် ရန်ကုန်မှ မော်လမြိုင်ကျွန်းသို့ ထွက်ခွာလာရာ မေ ၁၁ရက် နံနက် ၃နာရီ ၁၅မိနစ်ခန့်တွင် ဘိုကလေးမြို့အနီး သံကြိုးတိုင်၌ ရေမြုပ်တုံးတိုက်မိပြီး ရေယာဉ်ဝမ်းဗိုက်တွင် ရေတစ်ပေခွဲခန့် ဝင်ခဲ့ကြောင်း၊ ကုန်ပစ္စည်းများ ရေစိုသည်မှလွဲ၍ လူနှင့် အခြားပစ္စည်းများ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း၊ ပြန်လည်ပြုပြင်၍ မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ဆက်လက်ထွက်ခွာသွားရာ ညနေ ၄နာရီ ၁၀မိနစ်တွင် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရှိရပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသော မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ချုပ်မှ အဖွဲ့ဝင်ငါးဦးမှာ ဦးဝဏ္ဏရှိန် (ကွင်းဆင်းကြီးကြပ်ရေးအရာရှိ၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ချုပ်)၊ ဦးထွန်းထွန်းဝင်း (လက်ထောက် သင်တန်းအရာရှိ၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ချုပ်)၊ ဦးရူပ (စေတနာ့ဝန်ထမ်းကြက်ခြေနီ၊ လမ်းမတော်မြို့နယ် ကြက်ခြေနီအဖွဲ့)၊ ဒေါ်စန်းစန်းဝင်း (စေတနာ့ဝန်ထမ်းကြက်ခြေနီ၊ ဒဂုံမြို့သစ်မြောက်ပိုင်း ကြက်ခြေနီအဖွဲ့)၊ ဒေါ်ကြူကြူဝင်း(စေတနာ့ဝန်ထမ်းကြက်ခြေနီ၊ ဒဂုံမြို့သစ်မြောက်ပိုင်း ကြက်ခြေနီအဖွဲ့)တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ယနေ့အထိ သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးမှုအခြေအနေ

နေပြည်တော် မေ ၁၃

မေ ၂ရက်နှင့် ၃ရက်အတွင်း တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးမှုမှာ မေ ၁၃ရက် ညနေ ၆နာရီအထိ ရရှိသောစာရင်းများအရ မုန်တိုင်းဒဏ်ခံရသော ဒေသအားလုံးတွင် ယနေ့အထိ သေဆုံးသူ စုစုပေါင်းမှာ ၃၄၂၇၃ဦး၊ ဒဏ်ရာရသူ စုစုပေါင်းမှာ ၁၄၀၃ဦး၊ ပျောက်ဆုံးသူ စုစုပေါင်းမှာ ၂၇၈၃၈ဦးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး တို့မှ တာဝန်ရှိသူများအား မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ရှင်းလင်း ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ပြည်တွင်းပြည်ပမှ မဟုတ်မမှန် သွေးထိုးလှုံ့ဆော်မှုများ ပြည်သူများရှင်းလင်းမြင်သာအောင် ပိုမိုကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက လေဘေးဒဏ်သင့်ပြည်သူများအတွက် မိမိတို့အသင်းအဖွဲ့အလိုက် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက တင်ပြရာတွင် အစည်းအရုံးအနေဖြင့် အခက်အခဲရှိသော မိမိလောကသားများအား ထောက်ပံ့ကူညီခြင်းကို စတင်ဆောင်ရွက်နေကြောင်း၊ ၄င်းအပြင် အပျက်အစီးနှင့်ပိတ်ဆို့မှုများအား ရှင်းလင်း လုပ်အားပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရှင်းလင်းရေးလုပ်အားလိုအပ်ပါက ကူညီနိုင်ကြောင်းကိုလည်း သတင်းစာတွင်ဖော်ပြ၍ အသိပေးထားပါကြောင်း၊ ဆက်လက်၍ လေဘေးဒဏ်သင့်ပြည်သူများအား လှူဒါန်းနိုင်ရန်အတွက် အစည်းအရုံး ဘောလုံးအသင်းကစားပွဲများနှင့် အငြိမ့်၊ ပြဇာတ်ကခြင်းတို့ကို ရာသီဥတုသာယာကောင်းမွန်သည့် ဒေသမြို့ကြီးများတွင် ပြုလုပ်ခြင်းဖြင့် ရန်ပုံငွေရှာဖွေရေး ဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်းဖြင့်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်က တင်ပြရာတွင် အစည်းအရုံးအနေဖြင့် ခြေခင်း၊ လက်ခင်းသာသည့် မြို့ကြီးများတွင် နာမည်ကြီးဂီတတီးဝိုင်းများနှင့် အဆိုတော်များဖြင့် ဖျော်ဖြေပွဲများပြုလုပ် ရန်ပုံငွေရှာဖွေပြီး လေဘေးသင့်ပြည်သူများအား ငွေလှူဒါန်းနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က တင်ပြရာတွင် လေဘေးသင့် ပြည်သူများအား ပုဂ္ဂလိကစာပေတိုက်များ အနေဖြင့်သီးခြားစီ ကူညီထောက်ပံ့နေမှုများအပြင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့်လည်း ငွေနှင့်ပစ္စည်းများ လှူဒါန်းရေး စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် အပျက်အစီးများ ရှင်းလင်းရေး လှုပ်ရှားမှုများ၊ ကူညီထောက်ပံ့မှုများတွင် နိုင်ငံတော်နှင့်အတူ အသင်းအဖွဲ့များ၊ ပြည်သူများအပါအဝင် ဆောင်ရွက်နေကြသည့် လှုပ်ရှားမှုများ၊ လှူဒါန်းမှုများကို ပုံနှိပ်မီဒီယာများတွင် မပြတ်ဖော်ပြပေးလျက်ရှိကြောင်း၊ ထို့ပြင် စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့တတ်နိုင်သည့် အင်အားအလျောက် လှူဒါန်းနိုင်ရေးအတွက် နှိုးဆော်စာများ၊ လှုံ့ဆော်စာများဖြင့် ပြည်သူများအား အသိပေးဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်းဖြင့် ဆွေးနွေးတင်ပြရာ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ပိုမိုကြိုးပမ်း

တင်ပြဆွေးနွေးမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး အမှာစကားပြောကြားရာတွင် ယခုတက်ရောက်လာကြသည့် အသင်းအဖွဲ့များသည် နိုင်ငံတော်အတွက် အမျိုးသားရေးကိစ္စများတွေ့ကြုံတိုင်း အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် လက်မနှေးဘဲ နိုင်ငံတော်နှင့် အစဉ်ပူးပေါင်း ဆောင်ရွက်နေသည့် အသင်းအဖွဲ့များဖြစ်ကြောင်း၊ ယခုလည်း မိမိတို့ကျရာအခန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများအပေါ် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများကို ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ စာပေလောကသားများ အနေဖြင့်လည်း လေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ ထောက်ပံ့လှူဒါန်းရေး လုပ်ငန်းများ ပိုမိုတွင်ကျယ်အောင် အသိပေးရေးသားကြသည့်အပြင် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူတို့၏ ဆောင်ရွက်နေမှု အမှန်တရားများကို ဖော်ထုတ်ရေးသားရင်း ပြည်တွင်းပြည်ပမှ မဟုတ်မမှန် သွေးထိုးလှုံ့ဆော်မှုများကို ပြည်သူများ ရှင်းလင်းမြင်သာအောင် ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ရွာများပြန်လည်ထူထောင်တည်ဆောက်ရေးအဖွဲ့ စည်းဝေး

ရန်ကုန် မေ ၁၃

မြို့ရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ ကျင်းပရာ မြို့ရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် မုန်တိုင်းဒဏ်ခံရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့ရွာများကို ပြန်လည်ထူထောင်တည်ဆောက်ရာတွင် ချက်ချင်းတည်ဆောက်ပေးရန်လိုအပ်သော အဆောက်အအုံများကို အရေးပေါ်စီမံချက်အတိုင်း ဆောင်ရွက်ပြီး ဒုတိယအဆင့်အနေဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်ရန်များကိုပါ စီမံချက်ဖြင့် ရေတိုရေရှည် ဆောင်ရွက်ရန်၊ ရေကောင်းရေသန့်ရရှိရန်၊ ယခင်က လျှပ်စစ်မီးရရှိပြီး မုန်တိုင်းကြောင့် ပြတ်တောက်သွားသောနေရာများ မီးပြန်လည်ရရှိစေရန်၊ မြို့ရွာများနှင့် ကျေးရွာများ ဆက်သွယ်သော လမ်းတံတားများ ပြန်လည်ကောင်းမွန်စေရန်၊ တယ်လီဖုန်း၊ စာတိုက်နှင့်ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်စေရန်၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး ကြိုတင်စီမံရန်၊ မွေးမြူရေးလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန် နည်းလမ်းများရှာကြံ၍ ဝိုင်းဝန်းကူညီဆောင်ရွက်ရန် စီမံချက်ရေးဆွဲ၍ အဆင့်လိုက် အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းသင့်ပြည်သူများအတွက် အသင့်စားခေါက်ဆွဲခြောက်ထုပ်များလှူဒါန်း

ရန်ကုန် မေ ၁၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဘေးဒုက္ခကြုံနေကြသော ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန၌ ကျင်းပရာ World Instant Noodle Association (WINA) နှင့် Thai President Food Public Co.,Ltd (Ma Ma Instant Noodle) တို့မှ ငွေကျပ် ၂၅၃၃၄၆၀၀ တန်ဖိုးရှိ မာမားအသင့်စားခေါက်ဆွဲခြောက်ထုပ် နှစ်သိန်းကို လှူဒါန်းရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်တိုင်များပြင်ဆင်

မေ ၁၃ရက်က သန်လျင်မြို့နယ်၌ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဓာတ်တိုင်များကို ဝန်ထမ်းများက ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများဆက်လက်ပေးပို့

ရန်ကုန် မေ ၁၃

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များမှ လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများကို သင်္ဘောကြီးများဖြင့် အချိန်နှင့်တစ်ပြေးညီ အဆက်မပြတ်ပေးပို့လျက် ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းဆိပ်ခံတံတားမှ တောင်သမန် သင်္ဘောသည် ထောက်ပံ့ရေးပစ္စည်းတန် ၅၀ကိုတင်ဆောင်၍ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ဘိုကလေးမြို့နှင့် မော်လမြိုင်ကျွန်းမြို့တို့သို့လည်းကောင်း၊ စကားဝါ သင်္ဘောသည် ထောက်ပံ့ရေးပစ္စည်းတန် ၅၀ ကိုတင်ဆောင်၍ မွန်းလွဲ ၂နာရီခွဲတွင် ဒေးဒရဲမြို့သို့ လည်းကောင်း၊ အောင်ခိုင်ဖြိုး သင်္ဘောသည် ထောက်ပံ့ရေးပစ္စည်းတန် ၁၅၀ ကိုတင်ဆောင်၍ ညနေ ၄ နာရီတွင် ဖျာပုံမြို့သို့လည်းကောင်း အသီးသီးထွက်ခွာသွားကြသည်။

ထွက်ခွာ

အလားတူ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ်(၁)ဆိပ်ခံတံတားမှ မိုးကျော် သင်္ဘောသည် ထောက်ပံ့ရေးပစ္စည်း(၁၀၇)တန်ကို တင်ဆောင်၍ နံနက် ၅ နာရီခွဲတွင် လပွတ္တာမြို့သို့လည်းကောင်း၊ ဗလကျော်သူသင်္ဘောသည် ထောက်ပံ့ရေးပစ္စည်း ၇၈တန်ကို တင်ဆောင်၍ နံနက်၁၁နာရီတွင် ပုသိမ်မြို့သို့လည်းကောင်း၊ ဝိဓူရသင်္ဘောသည် ထောက်ပံ့ရေးပစ္စည်း ၈၁တန်ကို တင်ဆောင်၍ ညနေ ၄နာရီ ၁၅မိနစ်တွင် လပွတ္တာမြို့သို့ လည်းကောင်း အသီးသီးထွက်ခွာသွားကြသည်။

ယနေ့ထွက်ခွာသည့် သင်္ဘောကြီး ခြောက်စင်းတွင် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ရေသန့်ဘူးများ၊ သွပ်နှင့် အိမ်ဆောက်ပစ္စည်းများ၊ စောင်များ၊ မိုးကာများ၊ မိုးကာလိပ်များ၊ လက်နှိပ်ဓာတ်မီးများ၊ စားသုံးဆီများ၊ ရေသန့်စင်စက်များစသည့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၅၂၆တန်ကို တင်ဆောင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

14-5 (06).pmd 1 5/14/2008, 3:02 AM

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်နောက်ဆက်တွဲသတင်း

တရုတ်၌ငလျင်ကြောင့်သေဆုံးသူ၁၂၀၀၀ခန့်ရှိလာ အပျက်အစီးများအတွင်း ပိတ်မိနေသူများရှိနေဆဲ ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နေ

ပေကျင်း မေ ၁၃

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ မေ ၁၂ရက်က ရစ်ချ်တာစကေး ၇ဒသမ၈ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့မှုကြောင့် သေဆုံးသူဦးရေ အနည်းဆုံး ၈၅၀၀သေဆုံးခဲ့ကြောင်း **(မေ ၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇)** တွင် အင်တာနက်ဖောင်ပိတ် သတင်းအဖြစ် ဖော်ပြခဲ့သည်။ အဆိုပါ ငလျင်သတင်းနှင့် ပတ်သက်ပြီး မေ ၁၃ရက် ညပိုင်း အင်တာနက်မှ ရရှိသော နောက်ဆုံးသတင်းများအရ သေဆုံးသူ ဦးရေမှာ ၁၂၀၀၀ ရှိသွားပြီဖြစ်ရာ တရုတ် နိုင်ငံ၌ နှစ်၃၀အတွင်း အဆိုးရွားဆုံး ငလျင်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

တရုတ်နိုင်ငံ မီးယောင်းမြို့အတွင်း ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများအကြား ပိတ်မိနေသူများကို ဤသို့ လိုက်လံရှာဖွေနေသည်။ (အင်တာနက်ဓာတ်ပုံ)

ဆောင်ရွက်

ငလျင်ဗဟိုချက်ကျရာ ဝမ်ချွန်စီရင်စုအတွင်း ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိနေပြီး အပျက်အစီးများကြားမှ ပိတ်မိနေသူများနှင့် သေဆုံးသူများကို ရှာဖွေကာ ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေလျက်ရှိသည်။

ဆေးဝါးကုသ

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် ငလျင်ဒဏ်ခံရသည့် နေရာဒေသများသို့ သွားရောက်က ကယ်ဆယ်ရေးလုပ်ငန်းများကို လျင်လျင်မြန်မြန်ဆောင်ရွက်ကြရေး ဆော်ဩလျက်ရှိသည်။ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား နီးစပ်ရာဆေးရုံများသို့ အမြန်တင်ပို့ကာ ဆေးဝါးကုသပေးလျက်ရှိသည်။

ငလျင်ဒဏ်ကြောင့် ပြိုကျ ပျက်စီးနေသော အဆောက်အအုံပျက်များအောက်၌ ပိတ်မိနေသူများစွာရှိနေကြောင်း၊ မိုးများရွာသွန်းနေမှုကြောင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ခက်ခက်ခဲခဲလုပ်ဆောင်နေရကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

ဒဏ်ရာရ

ငလျင်ကြောင့် မော်တော်ကားလမ်းများ ပျက်စီးကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း အခက်အခဲကြုံတွေ့ရလျက်ရှိရာ ကယ်ဆယ်ရေးအဖွဲ့များက ငလျင်ဒဏ်ဆိုးရွားစွာခံရသည့် နေရာများ၌ အရေးပေါ် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ဒဏ်ရာရသူများအား ဆေးကုသပေးလျက်ရှိသည်။

ယခုအခါ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၅၀၀၀၀ခန့် စေလွှတ်ကာ အပျက်အစီးများ ရှင်းလင်းဖယ်ရှားရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း အင်တာနက်သတင်း၌ ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

မှတ်ချက်။ ။(ယမန်နေ့က ငလျင်အင်အား ရစ်ချ်တာစကေး ၇ဒသမ၈ဟု ဖော်ပြခဲ့သော်လည်း မေ ၁၃ ရက်၌ ရစ်ချ်တာစကေး ၇ဒသမ၉ဟု အင်တာနက်သတင်း၌ ဖော်ပြသည်။)

ဝမ်ချွန်စီရင်စုအတွင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အိန္ဒိယမြောက်ပိုင်း၌ ဗုံးခြောက်လုံးပေါက်ကွဲ အနည်းဆုံး၆၀ခန့် သေဆုံး၊ ၁၀၀ခန့် ဒဏ်ရာရရှိ

နယူးဒေလီ မေ ၁၃

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျာပူးလ်မြို့တွင် မေ ၁၃ ရက် မွန်းလွဲပိုင်းက ဗုံးခြောက်လုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ၆၀သေဆုံးပြီး ၁၀၀ ခန့် ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖြစ်ပွားခဲ့

အဆိုပါဗုံးများပေါက်ကွဲမှုမှာ ဂျာပူးလ်မြို့ရှိ လူစည်ကားရာဈေးအတွင်းနှင့် ဘာသာရေးအဆောက်အအုံတစ်ခု၏ အပြင်ဘက်တို့တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယခုဗုံးများပေါက်ကွဲမှုသည် အကြမ်းဖက် တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့မှ ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဘဏ္ဍာငွေ လက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းတိုက်ခံရသော ဒေသများအတွက် ကာကွယ်ရေး ဝန်ကြီးဌာန (ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည် မိသားစုများက ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ဒေသပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်များက အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၁၃

မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနတွင် အလှူရှင်များက အလှူငွေများအားဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ ဆက်လက်၍ လာရောက်လှူဒါန်းလျက်ရှိရာ ဦးစိုးမြင့်-ဒေါ်ညွန့်ကြည် (ပြည့်စုံမိသားစုအထည်ဆိုင်၊ မင်္ဂလာဈေး)က ငွေကျပ် ၁၀ သိန်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် ၆၄လူမှုရေးအသင်းက ငွေကျပ်လေးသိန်း၊ ဦးဇော်မင်းအေး ပြည့်စွမ်းရည် ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀သိန်း၊ Spider Family Trading Co.,Ltd. ကငွေကျပ် ၁၀သိန်း၊ ရန်ကုန်ယူနန်ဘုံကျောင်းဥက္ကဋ္ဌက ငွေကျပ်သိန်း ၁၀၀၊ Hight Win Family Co.,Ltd. က ငွေကျပ်သိန်း ၁၀၀၊ မန္တလာဝင်းကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀၊ ရန်ကုန်ယူနန်ဘုံကျောင်းက ငွေကျပ်သိန်း ၁၀၀၊ Yong Xin Co., Ltd. က ငွေကျပ်သိန်း၅၀၊ Yang Brothers Trading Co.,Ltd. က ငွေကျပ်သိန်း၅၀၊ Golden Circle Co., Ltd. က ငွေကျပ် ၁၅သိန်း၊ ဦးရန်သာစိန်(ခ) ဦးမောင်စိန်နှင့်ဒေါ်နီနီမိသားစုက ငွေကျပ် ၁၀သိန်း ၊Beautiful Wood Industry Co., Ltd ကငွေကျပ် ၁၀သိန်း၊ဦးစိန်ဝင်း မိသားစုက ငွေကျပ် ၁၀သိန်း၊ BaMar Thitsa Service Co.,Ltd.ကငွေကျပ် ၁၀သိန်း၊ Three Star ပီနံအိတ်စက်ရုံက ငွေကျပ် ၁၀သိန်း၊ Myanmar Golden Web Trading Co.,Ltd.ကငွေကျပ် ၁၀သိန်း၊ Golden Circle Co.,Ltd ကငွေကျပ်ငါးသိန်း၊ ဦးလှမြင့်၊ ဒါရိုက်တာ (MIDB)နှင့်ဒေါ်ရည်ရည်ညွန့်မြင့်မိသားစုက ငွေကျပ် ၁၀သိန်း၊ ဖေယျာ၊ ဇာနည်၊ စည်သူအပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်က ငွေကျပ် ရှစ်သိန်း၊ မြန်မာဟန်ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ ဦးကျော်စိန်လင်းက ငွေကျပ် သိန်း ၂၀၊ မောင်ရန်ပိုင်ဦးက ငွေကျပ် ငါးသိန်း၊ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးလိုင်လင်းအောင်နှင့်ဒေါ်စန္ဒီညိမ်း၊ သမီး ထက်မြက်ဝေတို့က ငွေကျပ်ငါးသောင်း၊ ဦးမြင့်သောင်းနှင့်ဒေါ်တင်တင်ဝင်းမိသားစုက ငွေကျပ်ငါးသောင်း၊ ဦးလှထူးအောင်နှင့် ဒေါ်စန်းစန်းမြင့်မိသားစုက ကျပ်တစ်သိန်း၊ ဦးဝင်းတင်အား ရည်စူး၍ ဒေါ်ညွန့်ညွန့်ဝင်း မိသားစုကငွေကျပ်တစ်သိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာန (ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည် မိသားစုများက ငွေကျပ် သိန်း ၅၀၀၊ ဦးကျော်သူအောင် Peter Doerr & Family(Germany) က အမေရိကန် ဒေါ်လာ ၃၅၀၊ Johnson Ong & Family က အမေရိကန်ဒေါ်လာ ၂၀၀ တို့ကို လှူဒါန်းကြသည်။

ယနေ့ မေ ၁၃ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၆၁၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၅၅၀တို့ ဖြစ်သည်။

အလားတူ မေ ၁၀ရက်က လှူဒါန်းသော အလှူရှင်များမှာ ဦးသိန်းလွင် (Light House Interprise Co.,Ltd.) မှ ငွေကျပ် သိန်း ၅၀၀၊ Lucky Tractor Co.,Ltd. မှ ငွေကျပ် ၁၀သိန်း၊ ZBT Co.,Ltd. မှ ဝန်ထမ်းများက ငွေကျပ် ၄၃၀၀၀၊ ဦးမင်းစိန်၊ ဦးနေမျိုးထွန်း (Grand Eagle Co., Ltd.)မှ ငွေကျပ် သိန်း၁၀၀၀၊ တာမွေမြို့နယ် ကျောက်မြောင်း အရှေ့ရပ်ကွက် မြို့သစ်(၁)လမ်း မိသားစုမှ ငွေကျပ်ငါးသိန်းတို့ လှူဒါန်းခဲ့ကြကြောင်း၊ တရုတ်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးကြီးစိန်မိသားစုမှ အလှူငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းက ငွေကျပ်သိန်း ၂၀၀၊ ဟုတ်ကြန့်(ဖူကင်း) တရုတ်အမျိုးသားအသင်းက ငွေကျပ်သိန်း ၁၀၀၊ မြန်မာပြည် တရုတ်ကုသိုလ်ဖြစ်အသင်းက ငွေကျပ်သိန်း ၂၀၀၊ တာချီလိတ် ဟုတ်တက် ဗုဒ္ဓဘာသာဘုရားရှိခိုးကျောင်းက ငွေကျပ်သိန်း၂၀၊ မြန်မာကွမ်းတုံ ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း၂၀၊ တရုတ်အမျိုးသမီးများအသင်းက ငွေကျပ်၁၀သိန်း၊ မြန်မာပြည် ချိုကြူးအမျိုးသားအသင်းက ငွေကျပ် ၁၀သိန်း၊ နန်ယန်ကျောင်းသားဟောင်းများ သာရေး၊ နာရေးအသင်းက ငွေကျပ်ငါးသိန်း၊ Mr.Lin Wei Chun ဦးဆောင်သော တိုင်ပေ အလှူရှင်များက ငွေကျပ် ၆၃ သိန်း၊ အဖိုးတန် စံချိန်မီ စက်ရုံစုနှင့် အထွေထွေ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၅၀၀၊ သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီက ငွေကျပ် သိန်း၅၀၀၊ ဦးကြည်စိန်-ဒေါ်တင်တင်ဌေး မိသားစုက ငွေကျပ် ၁၈၀၀၀၊ ဦးလှဝင်း၊ ဒေါက်တာအိအိခင်၊ မြတ်စုဝင်း၊ မောင်ဝင်းပိုင် မိသားစုက ငွေကျပ် တစ်သိန်း၊ ဒေါက်တာစိန်တင်၊ ဒေါ်ညွန့်ညွန့် ရွှေ(ညွန့်/ချုပ်-ငြိမ်း၊ ဗဟိုစာရင်းအင်း) မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးတင်ဦးလွင်၊ ဒေါ်မေမြင့်မောင် မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ရင်ရင်၊ ဒေါ်တင်နွဲ့နှင့် တူမများက ငွေကျပ်ငါးသောင်း၊ ADIWARNA Trading Co.,Ltd. က ငွေကျပ်ငါးသိန်း၊ BABY Land Manufacturing Co.,Ltd. က ငွေကျပ် ငါးသိန်း၊ သီရိသုဓမ္မမဏိဇောတရေ၊ သီဟသုဓမ္မမဏိဇောတရေ ဦးဘခန့်၊ ဒေါ်ခင်ရွှေ ရွှေအိမ်ဆောက်လုပ်ရေးပစ္စည်း ရောင်းဝယ်ရေးက ငွေကျပ်၁၀သိန်း၊ ဦးအရှော့ကူးမားနှင့် Vimal Co.,Ltd. မိသားစုက ငွေကျပ် သိန်း၂၀၊ ဂမုန်းပွင့် ကုမ္ပဏီက ငွေကျပ် သိန်း ၅၀၊ ဦးကျော်မြင့်နိုင်၊ ဒေါ်နိုင်နိုင်သဘာဝသတ္တုဆေးတိုက်က ငွေကျပ် သုံးသိန်း၊ ဗိုလ်မှူးကြီးစံအေးလှ၊ ဒေါ်ခင်မာဝင်းချစ်က ငွေကျပ်၁၂၀၀၀၀၊ SUZUKI (မျိုးမော်တော်)က ငွေကျပ်သိန်း ၅၀၊ ဦးသန်းဝင်း၊ ဒေါ်မြမြဝင်း စိမ်းလန်းမြေပွဲရုံက ငွေကျပ် နှစ်သိန်း၊ ဒေါ်မူမူဟန်နှင့် သားသမီးမြေးများက ငွေကျပ် တစ်သိန်း၊ ဦးခင်ဇော်၊ ဒေါ်နန်းစုမိသားစုက ငွေကျပ် နှစ်သိန်း၊ ကိုရီးယားဒီမိုကရက် တစ်သမ္မတနိုင်ငံမှ လှူဒါန်းငွေ အမေရိကန် ဒေါ်လာ ၂၀၀၀၀၊ Malaysian Industrial Geotechnical Sdn.Bhd., Malaysia က အမေရိကန် ဒေါ်လာ ၅၀၀၊ PML Corporation Pte., Ltd. Singapore က အမေရိကန်ဒေါ်လာ ၇၃၅ ဒေါ်လာတို့ လာရောက် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ဝင်စားဖွယ်သတင်းစုံလင်စွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မေ ၁၃

“အသက်ကယ်ဖို့ဆိုတဲ့ကိစ္စ၊ အသက်တွေ မသေဖို့ဆိုတဲ့ ကိစ္စဟာ မှန်ကန်တဲ့ ကြိုတင်သတိပေးချက် တစ်ခုတည်းနဲ့ မလုံလောက်ဘူးဆိုတာ လူတိုင်းသင်ခန်းစာယူသင့်တဲ့ အချက်ပါ” မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် တွေ့ဆုံမေးမြန်းချက်များကို အထူးအလေးပေးတင်ဆက်ထားသော ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၁၈) ယခု တစ်ပတ်ထွက်ရှိလာသည်။

ထို့အပြင် နာဂစ်က ခွဲခြားထုတ်ပြခဲ့သည့် ကိုယ်ကျိုးရှာဝိသမနှင့် သမ္မာအာဇီဝအကြောင်း၊ ရန်ကုန်မြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားကြီးများ မုန်တိုင်းဒဏ်မှ ထူးထူးခြားခြားလွတ်ခဲ့မှုအပေါ် လူအများ တအံ့တဩဖြစ်ကြရ၊ နာဂစ်မုန်တိုင်းဒဏ်ခံ ဒေသများမှအပ မြန်မာတစ်နိုင်ငံလုံးအနှံ့အပြားတွင် မဲဆန္ဒခံယူပွဲကျင်းပ၊ ရန်ကုန်မှ တစ်ဆင့် အခြားပြည်နယ်နှင့်တိုင်းများသို့ ဂျီအက်စ်အမ်များ ပုံမှန်ဆက်သွယ် ပြောဆိုနိုင်ရန် လျှပ်စစ်လိုင်း သီးသန့်တစ်လိုင်း ချိတ်ဆက်ပေးရန် စီစဉ်လျက်ရှိ၊ လေဘေးသင့် ပြည်သူများအတွက် ရန်ကုန်မီဒီယာဂရု(ပ်)မှ ဆန်အိတ်များလှူဒါန်း၊ အေးပြီးရင်းအေးလျက် ရွှေဈေးကွက်၊ စလောင်းဈေးနှုန်းတွေလည်းမြင့်လာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ “သဘာဝပတ်ဝန်းကျင်”အကြောင်းစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။အာလူးကို အခြေခံစားကုန်အဖြစ် လူသိများလာစေရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အာလူးဈေးပွဲတော်ကျင်းပ၊ ဆံပင်ဆိုးဆေး အသုံးပြုမှုကြောင့် အမျိုးသမီးများ ကင်ဆာရောဂါဖြစ်ပွားမှု အန္တရာယ်တိုးလာ၊ ဖြစ်မှ ဖြစ်ရလေရော်နယ် ဒိုရယ်… ယောက်ျားကို မိန်းကလေးထင်ပြီးမှားခေါ်ရတယ်လို့၊ လိုင်စင်မရှိဘဲ ငွေချေးသည့် အမြတ်ကြီးစား အကြီးဆုံးငွေချေးဂိုဏ်းကို ဖမ်းဆီး၊ လာအို မိုးလေဝသဗေဒ ပညာရှင်များအား တရုတ်က လေ့ကျင့်သင်တန်းပေးမည်၊ အမေရိကန် စီးပွားရေး ပထမ သုံးလပတ်တွင် မျှော်လင့်ထားသည်ထက် အားကောင်း၊တစ်နေ့ ရေရှစ်ခွက်သောက်ခြင်းဖြင့် ကျန်းမာစေသည့် အထောက်အထားမတွေ့ရှိ၊ **“ဆော့ဝဲပရိုဂရမ်ရေးဆွဲသူအား ဇနီးသည်သေဆုံးမှုတွင် အပြစ်ရှိကြောင်း စီရင်ချက်ချ”** နိုင်ငံတကာ မှုခင်းရေးရာ၊ “ပြောရဦးမယ် သူတို့က ဒီလိုတဲ့” နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ်စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

စားသောက်ကုန်၊ ရေသန့်စင်စက်နှင့် မီးစက်များ နိုင်ငံတကာမှရောက်ရှိ၊ လေဘေး

တွံတေးမြို့နယ် လေဘေးသင့်ခံရသော ပြည်သူများအား ကွမ်းခြံအလယ်ပိုင်း မူလတန်းကျောင်း၌ တိုင်းကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေစဉ်။ (သတင်းစဉ်)



နိုင်ငံတကာမှ ထောက်ပံ့လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းများနှင့် မီးစက်များ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

တွေ့ရ

နိုင်ငံတကာမှ ထောက်ပံ့လှူဒါန်းထားသော ရွက်ဖျင်တဲများတွင် ကော့မှူးမြို့နယ် လေဘေးသင့်ခံရသော ပြည်သူများအား မိသားစုအလိုက် နေရာချထားပေးစဉ်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် ပဒ်ကျေးရွာမှ လေဘေးသင့်ခံရသောပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးစဉ်။ (သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံ
ဆေးဝါးမျိုးစုံ C-17 လေယာဉ်ဖြင့် ရန်ကုန်အပြ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသောဒေသများအတွက် အမေရိကန်ပြည်ထောင်စုမှ ထောက်ပံ့ရေးပစ္စည်းများ C-130 လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ေ

...မှရောက်ရှိ၊ လေဘေးသင့်ပြည်သူများထံဖြန့်ဝေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေး

...ယ် ကျုံဒါးကျေးရွာသို့ ရောက်ရှိစဉ်။ (သတင်းစဉ်)



ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာပြည်သူများအတွက် နိုင်ငံတကာမှကူညီထောက်ပံ့သော ရေသန့်စက်များကို တွေ့ရစဉ်။ (သတင်းစဉ်)

...ဖြန့်ဝေ... (...စဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသောဒေသများအတွက် ဩစတြေးလျနိုင်ငံမှ စောင်၊ မိုးကာတဲ၊ အိပ်ရာ၊ ရေသန့်ဆေးဝါးနှင့် ဆေးဝါးမျိုးစုံ C-17 လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

...30 လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ်အတွင်း ပဒ်လေဘေးကယ်ဆယ်ရေးစခန်း၌ မိသားစုတစ်စုအတွက် ဝေငှထားသည့် ကယ်ဆယ်ရေးပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ တွံတေးမြို့နယ် ထော်သိုကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်နှင့် ပလတ်စတစ်မိုးကာစများပေးအပ်ပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

သန်လျင်မြို့နယ် လေဘေးသင့်ခံရသောပြည်သူများအား မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီများ ဖြန့်ဝေပေးစဉ်။ (သတင်းစဉ်)

14-5 (09) .pmd 1 5/14/2008, 3:02 AM

ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကြီးမှ ကုန်စည်များ အနယ်နယ်အရပ်ရပ်သို့ ပုံမှန်စီးဆင်းလျက်ရှိ

သတင်းဆောင်းပါး - မောင်မောင်ထွေးနှင့် ဓာတ်ပုံ-လှမိုး (သတင်းစဉ်)

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကြီးမှ ကုန်စည်များ အနယ်နယ် အရပ်ရပ်သို့ ပုံမှန် စီးဆင်းလျက်ရှိကြောင်း မိမိတို့ သတင်း အဖွဲ့ဝင်များအား ဈေးတာဝန်ခံက ရှင်းလင်းပြောကြားသည်။

ဈေးကစား

သို့သော် မုန်တိုင်းတိုက်ခတ်မှုကို မင်းကွတ်၊ သခွားမွေး၊ မာလကာ၊ ပန်းသီး အပါအဝင် အသီးအနှံများက ဈေးအတွင်း ရှမျှော်၍ မဆုံးအောင် တွေ့မြင်ခဲ့ရသည်။

ပုံမှန်

ပုံမှန်ကုန်စည်စီးဆင်းမှုနှင့် စပ်လျဉ်း၍ ဈေးတာဝန်ခံများက မုန်တိုင်းတိုက်ခတ်စဉ်ကာလမှ ယခုအချိန်အထိ ပိတ်ရက်မရှိ ဖွင့်လှစ် ရောင်းချပေးလျက်ရှိကြောင်း၊ မုန်တိုင်းမတိုက်ခတ်မီ မေ ၂ရက် ညဦးပိုင်းကတည်းက အနယ်နယ်အရပ်ရပ်မှ ကုန်စည်များ ရောက်နှင့်နေပြီးဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်စဉ် ကာလ၌မူ ဆိုးဆိုးရွားရွား အပျက်အစီး မရှိသော်လည်း လမ်းပန်းဆက်သွယ်မှုကြောင့် ဝေးလံသော အချို့မြို့နယ်များတွင်သာ ကုန်စည်စီးဆင်းမှု အနည်းငယ် နှောင့်နှေးမှု ရှိခဲ့ကြောင်း၊ သို့သော် ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ် အချို့မှ လက်လီရောင်းချသူများ၊ စားသုံးသူပြည်သူများဖြင့် ရောင်းဝယ်ဖောက်ကားမှုရှိနေကြောင်း၊ မေ၆ရက်မှ စတင်၍ လှိုင်သာယာ၊ ရွှေပြည်သာ၊ သန်လျင်၊ မင်္ဂလာဒုံ မြို့နယ်များ အပါအဝင် မြို့နယ်များမှ လက်လီ ရောင်းဝယ်ဖောက်ကားသူများဖြင့် ပုံမှန်ဖြစ်ခဲ့ကြောင်း။

စည်ကားလျက်ရှိ

ယခု မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း မြို့နယ် ခုနစ်မြို့နယ်မှ ကုန်စည်စီးဆင်းမှုမှာ ယခင်ကတည်းက ပုံမှန်သာရှိခဲ့ကြောင်း၊ ညောင်တုန်းမြို့နယ် အပါအဝင် အခြား ဧရာဝတီတိုင်း အတွင်းရှိ မြို့နယ်များမှ သခွား၊ ခရမ်းချဉ်သီးများ၊ ကုန်စိမ်းများ၊ရှမ်းပြည်နယ်မှ ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များသာ ယခင်ကတည်းက အဓိက စီးဆင်းလျက်ရှိကြောင်း၊ မုန်တိုင်းကြောင့် သီရိမင်္ဂလာဈေးမှ ကုန်စည်များ ဈေးနှုန်း ထူးထူးခြားခြား သိသိသာသာ ပြောင်းလဲမှု မရှိကြောင်း၊ ယခုလိုင်းကားများ ပုံမှန်ပြေးဆွဲလျက်ရှိပြီး ပုံမှန်ရောင်းဝယ် ဖောက်ကားသူများဖြင့် စည်ကား လျက်ရှိကြောင်း'' ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

လက်လီလက်ကား

မင်းကွတ်၊ သခွားမွေး၊ မာလကာ၊ ပန်းသီးအပါအဝင် သီးနှံများကို ဈေးအတွင်း လက်လီလက်ကား ဝယ်ယူရရှိနိုင်သည်။

သီရိမင်္ဂလာဈေးကြီး

ရန်ကုန်မြို့ရှိ ကုန်စည်စီးဆင်းရာ အချက်အချာတစ်ခုဖြစ်သည့် သီရိမင်္ဂလာဈေးကြီးကို တွေ့ရစဉ်။

အကြောင်းပြု၍ အချို့သော မြို့နယ်များတွင် ဝိသမလောဘသား အချို့သည် ''ဘယ်သူ သေသေ၊ ငတေမာပြီးရော'' ဆိုသည့်နှယ် ယခုအချိန် ကာလအထိ စားသောက်ကုန်များကို ဈေးကစားလျက်ရှိသည်ကို တွေ့ရသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ ကုန်စည်စီးဆင်းရာ အချက်အချာနေရာတစ်ခုဖြစ်သည့် ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကြီးသို့ သွားရောက်၍ ကုန်စည်စီးဆင်းမှု အခြေအနေများကို ကြည့်ရှုလေ့လာခဲ့သည်။

မိမိတို့သတင်းအဖွဲ့ဝင်များရောက်ရှိချိန်မှာ ညနေ ၄ နာရီခန့် ဖြစ်သော်လည်း ဈေးဝယ်သူများ ပျားပန်းခပ်မျှ စည်ကားလျက် ရောင်းဝယ်ဖောက်ကားနေသည်ကို တွေ့ရသည်။

အနယ်နယ်အရပ်ရပ်မှ

အနယ်နယ်အရပ်ရပ်မှ စီးဆင်းလာသော ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ သခွားသီးအပါအဝင် ကုန်စိမ်းများက တောင်ပုံရာပုံ ဒူးရင်း၊ သရက်၊ တညင်း၊

အနယ်နယ်အရပ်ရပ်မှ စီးဆင်းလာသော ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ သခွားသီး အပါအဝင် ကုန်စိမ်းများကလည်း တောင်ပုံရာပုံ။

မေ ၁၁ရက်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့်ဇနီး ဒေါ်ထွေးရီတို့က မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အင်းစိန်လမ်းရှိ အင်းလျားရွာသစ်ဘုန်းတော်ကြီးကျောင်းတိုက် ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို ကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖလမ်းမြို့ ပညာနို့ရည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ လှူဖွယ်ပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၁၃

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၈ ရက်က တီးတိန်မြို့နယ် လမ်းဇန်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းပြောကြားပြီး ကျေးရွာအတွက် ဂြိုဟ်တုစလောင်းဖမ်းစက်တစ်စုံ၊ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်နှင့် အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်မှ ပေးပို့လှူဒါန်းသော အားကစားပစ္စည်းများ၊ အဝတ်အထည်များ၊ စာရေးကိရိယာပစ္စည်းများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် မီးသွယ်တန်းရန် လိုအပ်နေသော မီးကြိုးခွေများကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် တွီးထန်ကျေးရွာသို့ ရောက်ရှိပြီး တိုက်နယ်ဆေးရုံအဆောက်အအုံသစ်တွင် တွီးထန်ကျေးရွာ၊ တုန်းဇန်ကျေးရွာ၊ ဆွောင်းဆန်ကျေးရွာ၊ ငါလ်ဘွာလ်ကျေးရွာ၊ အန်းလန့်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ တွီးထန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာတစ်စုံနှင့် အခြားကျေးရွာများအတွက် အဝတ်အထည်များ၊ အားကစားပစ္စည်းများနှင့် စာရေးကိရိယာများအား ပေးအပ်လှူဒါန်းသည်။

ပေးအပ်

ဒုတိယဝန်ကြီးသည် မေ ၉ရက် နံနက်ပိုင်းတွင် တုန်းဇန်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ အမှာစကား ပြောကြားကာ အဝတ်အထည်များ၊ အားကစားပစ္စည်းများ၊ စာရေးကိရိယာပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက မေ၁၀ ရက်တွင် ဖလမ်းမြို့သို့ ရောက်ရှိပြီး ကျင်မွာလ်ရပ်ကွက်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် မဲရုံအမှတ်(၂)သို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများမဲပေးနေမှု အခြေအနေကို ကြည့်ရှုအားပေးသည်။

ဆက်ကပ်လှူဒါန်း

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုသည် မေ ၁၁ ရက်က ဟားခါးမြို့ ကျောဘုတ်ရပ်ကွက် ပညာနို့ရည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ပညောဘာသအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သုခိတာရုံ သီလရှင် စာသင်တိုက်သို့ ရောက်ရှိပြီး သီလရှင်ဆရာကြီး ဒေါ်ကညဝတီအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄-၅-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ကပ်တဲလ်ကြိုးတံတား
၇:၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ **မင်းမသိသေးပါဘူးကွာ** ဧရာ၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၄၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၅ ၅။ သီချင်းကြီးပဒေသာ
၅:၀၀ ၆။ အကပြိုင်ပွဲ
၅:၀၅ ၇။ တေးဂီတအစီအစဉ်
၅:၁၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ တေးဂီတအစီအစဉ်
၇:၂၀ ၁၃။ **နှစ်မြှာနတ်မိမယ်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-အောင်ကျော်ကျော်)
၇:၄၀ ၁၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **သိင်္ဂါရှနှင်းဆီ** (အပိုင်း-၁) ဖြိုးငွေစိုး၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-နေပိုင်)
၁၉။ အစီအစဉ်ပြီး၏။

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

ကဆုန်လပြည့်နေ့သည် ဗျာဒိတ်တော်ခံ ဖွား၊ ပွင့်၊ စံ ဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဘဝဖြစ်စဉ်တော် နေ့ထူးနေ့မြတ်ဖြစ်ပြီး ဗုဒ္ဓနေ့အဖြစ် သတ်မှတ်၍ မြတ်စွာဘုရားရှင်အား အထူးပူဇော်နိုင်ရန် ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ပရဝဏ်အတွင်း ပရိဘောဂစေတီအဖြစ် စိုက်ပျိုးကိုးကွယ်ထားသည့် ဗောဓိပင်အား ညောင်ရေသွန်းပူဇော်နိုင်ရန် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ကိုးမိုင်မဟာစည်ဆရာတော် ဦးကဝိဓဇအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဂုဏ်ပြုပူဇော်ပွဲကို (၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်နေ့) မေ၁၉ရက်(တနင်္လာနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ လေဘေးကယ်ဆယ်ရေးစခန်းများ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် မေ ၁၂ရက် ညနေပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၇) ရပ်ကွက်ရှိ လေဘေးကယ်ဆယ်ရေးစခန်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းရှိ လေဘေးကယ်ဆယ်ရေးစခန်းများသို့ရောက်ရှိပြီး နိုင်ငံတကာမှပေးပို့လှူဒါန်းသော မိုးကာရွက်ဖျင်တဲများ စနစ်တကျ ဆောက်လုပ်ပြီးစီးမှု၊ သောက်သုံးရေကန်နှင့် ယင်လုံအိမ်သာများ ဆောက်လုပ်လျက်ရှိသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

လေဘေးသင့် ဒေသပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၁၃

လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ပါဝင်ဆောင်ရွက်လျက်ရှိရာ မေ ၉ရက်က ဆေးတပ်ဖွဲ့တစ်ဖွဲ့သည်ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ ကဒုံကနီကျေးရွာတွင် လည်းကောင်း၊ အဖွဲ့ တစ်ဖွဲ့သည် လပွတ္တာတွင် အခြေပြု၍ ၄င်းမြို့နယ်များအတွင်းရှိ ကယ်ဆယ်ရေးစခန်း ၂၀ခန့်သို့ လှည့်လည်၍လည်းကောင်း၊ အဖွဲ့တစ်ဖွဲ့သည် ဟိုင်းကြီးကျွန်းတွင်လည်းကောင်း၊ အဖွဲ့တစ်ဖွဲ့သည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းတွင် အခြေပြု၍ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ စက်လှေဖြင့် လှည့်လည်၍ လည်းကောင်း၊ အဖွဲ့တစ်ဖွဲ့သည် ကော့မှူးမြို့တွင်လည်းကောင်း ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပုသိမ်မြို့နှင့် ရန်ကုန်မြို့တို့ရှိ ကွပ်ကဲမှုအဖွဲ့များနှင့်အတူ ကျန်းမာရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပြည်တွင်းပြည်ပမှ ကူညီထောက်ပံ့သော ဆေးဝါးပစ္စည်းများကို လေဘေးသင့်ဒေသများသို့ ဝိုင်းဝန်းပို့ဆောင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြောက်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်း တစ်လျှောက်၌ မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက သစ်ပင်၊ သစ်ကိုင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

ဖျာပုံနှင့်ကျိုက်လတ်မြို့နယ်များရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် မေ ၁၃

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် မေ ၈ ရက်မှ ၁၁ ရက်အထိ ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် ကယ်ဆယ်ရေးစခန်း၌ ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်များရှိလေဘေးသင့်ပြည်သူလူထုအတွက် ယုဇန၊ ဒဂုံအင်တာနေရှင်နယ်၊ ပြည့်ဖြိုးကျော်၊ ရွှေမိသားစု၊ ဇေကမ္ဘာ၊ သော်တာဝင်းဆောက်လုပ်ရေး၊ မြတ်မေတ္တာမွန်၊ ထူးထရေးဒင်း၊ မင်းဇာနည်နှင့် Myanmar Belle ကုမ္ပဏီများ၊ သာမညမော်တော်ယာဉ်အသင်းမိသားစု၊ ပရမတ္ထသုခအသင်း (မင်္ဂလာဈေး)၊ ဖြိုးသာထူး၊ ရွှေဝါလင်း၊ ထက်လင်း၊ ထွန်းရွှေဝါနှင့် မှန်ချိုတိုင်းရင်းဆေးမိသားစုများက လှူဒါန်းသော အလှူငွေ၊ သောက်ရေသန့်၊ အဝတ်အထည်၊ တိုင်းရင်းဆေး၊ အမိုးအကာနှင့် လူသုံးကုန်ပစ္စည်းတို့ကို လက်ခံသည်။

ထောက်ပံ့ပေးအပ်

ဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ဖျာပုံမြို့ ချောင်းတွင်းကျေးရွာ သီရိမင်္ဂလာသိမ်ကျောင်း ယာယီကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူ ၁၇၈၀ တို့အား သောက်ရေသန့်၊ တိုင်းရင်းဆေးနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဖျာပုံမြို့ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးပစ္စည်းများစုဆောင်းထားမှု၊ ဖျာပုံဈေး ပုံမှန်ရောင်းဝယ်နေမှုအခြေအနေများနှင့် ဖျာပုံဆိပ်ကမ်းသို့ ရန်ကုန်မြို့မှ ရောက်ရှိလာသော သောက်ရေသန့်နှင့်လူသုံးကုန်ပစ္စည်းများ သယ်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆက်မပြတ်

စေတနာရှင်ပြည်သူများ လှူဒါန်းသောထောက်ပံ့ပစ္စည်းများကို ရေကြောင်း၊ ကုန်းကြောင်းများမှတစ်ဆင့် ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာ လေဘေးသင့်ပြည်သူများထံ အဆက်မပြတ် ထောက်ပံ့ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်အချို့၌ ပြိုလဲနေသော သစ်ပင်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းနေမှု မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် မေ ၁၂ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဓမ္မစေတီလမ်းဆုံအနီး ဓမ္မစေတီလမ်းတစ်လျှောက်၌ ပြိုလဲနေသော သစ်ပင်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းသိမ်းဆည်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် သစ္စာလမ်းဆုံမှ သစ္စာလမ်းတစ်လျှောက်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အသင်းဝင်အင်အား ၂၅၀ တို့က သစ်ပင်၊ သစ်ကိုင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းသိမ်းဆည်းနေမှုကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းနှင့် စက်မှုလမ်းဆုံမှ သုမင်္ဂလာလမ်းတစ်လျှောက်၌ မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အင်အား ၅၀၀က သစ်ပင်၊သစ်ကိုင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းသိမ်းဆည်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းသိမ်းဆည်း

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အသင်းဝင်အင်အား ၁၄၀၀တို့က မြောက်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဗဟန်း၊ စမ်းချောင်း၊ အလုံ၊ လမ်းမတော်နှင့် ဒေါပုံမြို့နယ်များရှိ ယာဉ်သွားလမ်းမကြီးများ၌ အစုအဖွဲ့များခွဲ၍ လုပ်ကွက်များအလိုက် သစ်ပင်၊ သစ်ကိုင်းနှင့် အမှိုက်သရိုက်များကို ရှင်းလင်းသိမ်းဆည်းကြကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်သည် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ သုမာလာလမ်းသွယ်(၉)လမ်း အဆင့်မြင့်စေရေးအတွက် ကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြုပြင်ထိန်းသိမ်း

ယင်းနောက် မြို့တော်ဝန်သည် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံအနီး ဦးဝိစာရလမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က လော်ကား၊ ဂျိုးဖြူရေသွယ်ပိုက်လိုင်း ပြုပြင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မေ ၁၃

၂၀၀၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများကို ရန်ကုန်တိုင်းအတွင်း ရန်ကုန်တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ကဦးစီး၍ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်ပြု

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် မူလတန်းအဆင့်(၃/၄)တန်း(G4,G5)၊ အလယ်တန်းအဆင့်(၅/၆/၇/၈)တန်း(G6,G7, G8, G9)နှင့်အထက်တန်းအဆင့်(၉/၁၀)တန်း(G10,G11)အပါအဝင် အသက် ၁၅ နှစ်မှ ၂၅ နှစ်အထိ ယှဉ်ပြိုင်ခွင့်ပြုသည်။

မည်သူမဆိုယှဉ်ပြိုင်နိုင်

ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့်(၅/၆/၇)တန်း(G6, G7,G8)၊ အထက်တန်းအဆင့် (၈/၉/၁၀)တန်း (G9,G10,G11) ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် အသက် ၁၅ နှစ်နှင့်အထက် မည်သူမဆို ယှဉ်ပြိုင်နိုင်သည်။

ကာတွန်းပြိုင်ပွဲကို မေ ၂၈ရက် နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ၊ ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြည်ီလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲ

ပိုစတာပြိုင်ပွဲကို မေ ၂၉ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကွန်ပျူတာ ပိုစတာပြိုင်ပွဲကို မေ ၂၉ ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ လှိုင်မြို့နယ် ကွန်ပျူတာ တက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။

စတင်ထုတ်ပေးမည်

ပြိုင်ပွဲဝင်ပုံစံများကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမြေညီထပ်ရှိ မူခင်းမဂ္ဂဇင်း ဌာနစုရုံးခန်း၌ မေ ၁၄ ရက်မှ စတင် ထုတ်ပေးသွားမည် ဖြစ်ပြီး မေ၂၅ရက်ညနေ၄နာရီအထိနောက်ဆုံးထား၍ ပြန်လည် လက်ခံမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိတ်မြို့ ပရဟိတယောကျ်ားလေးများဂေဟာ မြေနေရာလှူဒါန်းပွဲ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတက်ရောက်

ရန်ကုန် မေ ၁၃

တနင်္သာရီတိုင်း မြိတ်မြို့ရှိ ပရဟိတယောကျ်ားလေးများဂေဟာ မြေနေရာလှူဒါန်းပေးအပ်ပွဲအခမ်းအနားကို မေ၉ရက် မွန်းလွဲပိုင်းက အဆိုပါဂေဟာ အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (တနင်္သာရီတိုင်းတာဝန်ခံ) မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အလှူရှင်များ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အဖွင့်အမှာစကား ပြောကြားပြီး မြိတ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်းနှင့် ဦးကျော်ဝင်းထွန်း (ခ) ဦးဂျူအင် (စိန်ပန်းထရေးဒင်း)တို့ ပူးပေါင်းလှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀တန် မြေနေရာပိုင်ဆိုင်မှု စာရွက်စာတမ်းများကို ခရိုင်အသင်း အတွင်း ရေးမှူး ဒေါက်တာကျော်ဆန်းနှင့်ဦးကျော် ဝင်းထွန်း(ခ)ဦးဂျူအင်တို့က ပေးအပ်လှူဒါန်းရာ ပရဟိတ ယောကျ်ားလေး များဂေဟာ အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌဦးဂွမ်က လက်ခံယူသည်။

ပေးအပ်လှူဒါန်းခဲ့

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် ခင်ဇော်ဦးက ယောကျ်ားလေးများ ဂေဟာ ကျောင်းသား ၂၈ဦးအတွက် ကျောင်းအပ်စရိတ်နှင့်လစဉ်ထောက်ပံ့ ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ဗဟို အလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ကျောင်းသား ၂၈ဦးအတွက် ကျောင်းဝတ်စုံနှစ်စုံစီ နှင့်လစဉ်ထောက်ပံ့ငွေကျပ် တစ်သိန်း တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်း ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တယ်လီဖုန်းလိုင်းပြင်ဆင်

မေ ၁၂ ရက်က မုန်တိုင်းဒဏ်ကြောင့် ယာယီ အဆက်အသွယ်ပြတ်တောက်ခဲ့သော တယ်လီဖုန်းလိုင်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဝန်ထမ်းများက အားကြိုးမာန်တက် ပြင်ဆင်ဆောင်ရွက်နေကြစဉ်။

(သတင်းစဉ်)

တယ်လီဖုန်းလိုင်းများပြန်လည်ပြုပြင်ရေး ညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၃

မုန်တိုင်းဒဏ်ကြောင့် ယာယီအဆက်အသွယ် ပြတ်တောက်ခဲ့သော တယ်လီဖုန်းလိုင်းများ ပြန်လည်ပြုပြင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေရှည်အတွက်

ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အရေးပေါ် ဆက်သွယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က ပျက်စီးသွားသည့် တယ်လီဖုန်းတိုင်နှင့် ကေဘယ်လ်များကို ပစ္စည်းအသစ်များဖြင့် အစားထိုးတပ်ဆင်ရန်၊ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း အတွင်းရှိ ဆက်သွယ်ရေးစခန်းများနှင့် ဆက်ကြောင်းများကို လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အမြန်ဆုံး ပြုပြင်ဆောင်ရွက်ရန်၊ မုန်တိုင်းဒဏ်ကြောင့် ကျိုးပဲ့ပျက်စီးသွားသော တာဝါတိုင်များကို အသစ်အမြန်ဆုံး ပြန်လည်စိုက်ထူရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလော အဆက်အသွယ် ချက်ချင်းရရှိရန် ဆောင်ရွက်မည့် နည်းလမ်းများအပြင် ရေရှည်အတွက်ပါ ဆက်သွယ်မှု ကောင်းမွန်စေမည့် နည်းစနစ်များကိုပါ ယခုကတည်းက စနစ်တကျ ဆောင်ရွက်ရန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၂ ရက်က ပြည်လမ်းမတစ်လျှောက် စက်ယန္တရားကြီးများဖြင့် အမှိုက်များ၊ သစ်ကိုင်းများ ရှင်းလင်းဆောင်ရွက်လျက်ရှိစဉ်။

(သတင်းစဉ်)

ကာလဒါနသင်္ကန်း အလှူပြုနိုင်ကြောင်း နှိုးဆော်

ရန်ကုန် မေ ၁၃

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေမုန်တိုင်းဒဏ်ကြောင့် သင်္ကန်းစသည့် ရဟန်းအသုံးအဆောင်များ ပျက်စီးဆုံးရှုံးမှု အများအပြားရှိခဲ့ရာ လေမိုးဒဏ်ခံကြရသော ရဟန်းသံဃာတော်များ ယခုလတ်တလောဝတ်ရုံရန် သင်္ကန်းအစုံတစ်သောင်း လိုအပ်လျက်ရှိသည်။

ဆက်သွယ်လှူဒါန်းနိုင်

စေတနာရှင်များအနေဖြင့် လိုအပ်သောအချိန်တွင် လိုအပ်သောပစ္စည်းများကို လိုအပ်သူထံ လှူဒါန်းခြင်းသည် အမွန်မြတ်ဆုံးဖြစ်သဖြင့် ဦးဇာနည်ဝင်း (ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၅၁-၃၅၈၃၇၊ ၀၉-၈၆-၀၀၁၁၅၊ ဦးခင်မောင်ဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၂၀-၀၆၆၇၂နှင့် ဦးစိုးနိုင်(ဒုတိယညွှန်ကြားရေးမှူး) တိုင်းသာသနာရေးမှူးရုံး ဖုန်း- ၀၉-၅၁-၉၁၅၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ နှိုးဆော်ထားသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်၌ မုန်တိုင်းကြောင့် ပျက်စီးသွားသောဒေသများသို့ စေတနာရှင်များလှူဒါန်းသော ပစ္စည်းများပို့ဆောင်ရေးဆောင်ရွက်

ရန်ကုန် မေ ၁၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မေ ၁၀ရက် နံနက် ရနာရီက ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၌ မုန်တိုင်းကြောင့် ပျက်စီးသွားသောဒေသများသို့ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသော ထောက်ပံ့ပစ္စည်းများနှင့် ဘင်္ဂလားဒေ့ရှ် ဘီဒီအာရ်ဆက်တာမှ လှူဒါန်းသော ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သယ်ယူ

အဆိုပါထောက်ပံ့ပစ္စည်းများအား ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံ ဦးဆောင်သော လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မော်တော်ယာဉ်များပေါ်သို့ ပူးပေါင်းသယ်ယူပြီး ဝိုင်းဝန်းသယ်ယူ ဆောင်ရွက်သည်။

ထောက်ပံ့ပစ္စည်းများ

ထောက်ပံ့ပစ္စည်းများကို မော်တော်ယာဉ်လေးစီးဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ပို့ဆောင်မည်ဖြစ်ပြီး ထောက်ပံ့ပစ္စည်းများ အနေဖြင့် ငါးခြောက်ပိဿာ ၂၀၀၀၊ စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ အပါအဝင် အဝတ်အထည်မျိုးစုံ ၉၆အိတ်၊ မုန့်မျိုးစုံ ခုနစ်ထုပ်၊ ဆပ်ပြာတစ်ဖာ စုစုပေါင်းတန်ဖိုး ငွေကျပ်၁၀၂၃၆၀၀၀၊ ဘင်္ဂလားဒေ့ရှ်ဘီဒီအာရ်ဆက်တာမှ လှူဒါန်းသောသောက်ရေသန့် ၁၀၂၈၄လုံး၊ ပါရာစီတမော့ဆေးပြား ၁၀၇၀၀၀၊ ဓာတ်ဆားရည်အထုပ် ၂၉၀၅၀ တန်ဖိုးမြန်မာငွေကျပ်သိန်း၈၀ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လားရှိုးဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၁၁ရက်က ၆၆/၃၃ကေဗွီ ၂၀အမ်ဗွီအေ လားရှိုး ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard Foundation လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ Control Building တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ အလေအလွင့် နည်းပါးရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်း တည်ဆောက်ရေး လုပ်ငန်းနှင့် ဂုတ်တွင်းလျှိုကို ဖြတ်ကျော်၍ တာဝါတိုင်အမှတ် ၃၂၁နှင့် ၃၂၂ တို့ကို ဆက်သွယ်ထားသော မဟာဓာတ်အားလိုင်း ကြိုးပေါ်၌ Spacer တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၂ ရက်က ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းမတွင် မီးပွိုင့်များ ပြင်ဆင်တပ်ဆင်လျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

သမ္မတဘုရှ်၏ မအောင်မြင်ခဲ့သောမူဝါဒများ ပြုပြင်ပြောင်းလဲမည်ဟု အိုဘားမားပြောကြား

ဝါရှင်တန် မေ ၁၃

ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းသည် သမ္မတဂျော့ဒဗလျူဘုရှ်၏ မအောင်မြင်သောမူဝါဒများကို ဆက်လက်အကောင်အထည်ဖော်ပြီး ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေကြောင်း ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် အိုဘားမား(ယာပုံ)က မေ၁၀ရက်တွင် ဝေဖန်ပြောကြားလိုက်သည်။

ဦးတည်ဝေဖန်

ဒီမိုကရက်တစ်ပါတီ အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်နှင့် အကြိတ်အနယ် မဲဆွယ်စည်းရုံးရာ၌ အရှိန်အဟုန်ရလာသည့် အိုဘားမားက ဂျွန်မက်ကိန်းကို ဦးတည်ဝေဖန်လိုက်ခြင်းဖြစ်သည်။

ကွဲလွဲချက်

အီရတ်စစ်ပွဲ အခွန်အကောက်ကိစ္စ၊ ဓာတ်ဆီဈေးနှုန်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုကဲ့သို့သော အရေးကိစ္စများတွင် မိမိနှင့်ဂျွန်မက်ကိန်းတို့ အကြား အခြေခံသဘောထား ကွဲလွဲချက်များရှိကြောင်း အိုဘားမားက ပြောကြားသည်။

ပြုပြင်ပြောင်းလဲ

သမ္မတဘုရှ်၏ မအောင်မြင်သော မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်ရေး ဂျွန်မက်ကိန်းက သမ္မတရွေးကောက်ပွဲဝင်ရန် တာစူနေခြင်းဖြစ်ကြောင်း မိမိအနေဖြင့်မူ သမ္မတဘုရှ်၏ မူဝါဒသဘောထားများကို ပြုပြင်ပြောင်းလဲပစ်ရန် ရွေးကောက်ပွဲဝင်နေခြင်း ဖြစ်ကြောင်း၊ မိမိတို့နှစ်ဦးအကြား ခြားနားချက်မှာ အခြေခံအားဖြင့် ယင်းအချက်ပင်ဖြစ်ကြောင်း အိုဘားမားက ပြောကြားလိုက်သည်။

(အင်တာနက်)

ပါကစ္စတန်ညွန့်ပေါင်းအစိုးရ သဘောထားကွဲလွဲ နာဝပ်ရှရစ်ပါတီ အစိုးရအဖွဲ့မှနုတ်ထွက်ကြောင်းကြေညာ

အစ္စလမ္မာဘတ် မေ ၁၃

ပါကစ္စတန်ရွေးကောက်ပွဲကျင်းပပြီး သုံးလအကြာ အဓိကပါတီကြီးတစ်ခုက အစိုးရအဖွဲ့မှ နုတ်ထွက်ကြောင်း ကြေညာခဲ့ရာ မေ၁၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

နုတ်ထွက်

ဝန်ကြီးချုပ်ဟောင်းနာဝပ်ရှရစ်က သူ၏ ပီအမ်အယ်လ်-အင်န် ပါတီသည်(ယာပုံ) သမ္မတပါဗက်ဇ်မူရှာရက်ဖ်က ရာထူးမှဖြုတ်ချခံရသည့် တရားသူကြီးများ ရာထူးပြန်လည်ခန့်အပ်ပေးရေးအပေါ် သဘောထားကွဲလွဲမှုများကြောင့် နုတ်ထွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

မစ္စတာ နာဝပ်ရှရစ်အနေဖြင့် သမ္မတမူရှာရက်ဖ်ကို အတိုက်အခံပြုနိုင်သောတရားသူကြီးများအား ရာထူးပြန်ခန့်ရန်လိုလားသည်။ သို့သော်လည်း အကြီးဆုံးပါတီကြီးဖြစ်သည့် ပီပီပီပါတီက ၄င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင်ရန် လိုလားသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိ၏ဝန်ကြီးများသည် မကြာမီဝန်ကြီးချုပ်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း၊ နုတ်ထွက်စာများ တင်ပြမည်ဖြစ်ကြောင်း နာဝပ်ရှရစ်က အစ္စလမ္မာဘတ်မြို့၌ သတင်းထောက်များအား ပြောကြားသည်။ **(အင်တာနက်)**

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၀၇၅ ဦးရှိပြီ

ဘဂ္ဂဒက် မေ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက် မြို့တွင် မေ ၁၃ ရက်က လမ်းဘေးဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်းတွင် အမေရိကန်စစ်ဘက်ယာဉ်တစ်စင်း ကင်းလှည့်နေစဉ် ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းအဆိုပါကြေညာချက်တွင် ပါရှိသည်။

၂၀၀၃ခုနှစ်မတ်လမှစ၍အီရတ်၌ သေဆုံးသည့်ကန်တပ်ဖွဲ့ဝင်မှာ ၄၀၇၅ ဦး ရှိသွားပြီ ဖြစ်သည်။**(အင်တာနက်)**

ရုရှားဝန်ကြီးအဖွဲ့သစ်စာရင်း ဝန်ကြီးချုပ်ပူတင်ကြေညာ

မော်စကို မေ ၁၃

ရုရှား ဝန်ကြီးချုပ်သစ် ဗလာဒီမာပူတင်သည် ၄င်း၏ အစိုးရသစ်တွင် ခန့်အပ်ရန် ဝန်ကြီးများစာရင်းကိုတင်ပြခဲ့ကြောင်း မေ၁၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မူလရာထူး

ဘဏ္ဍာရေး ဝန်ကြီး အော်လက်စီကူဒရင်နှင့် နိုင်ငံခြားရေးဝန်ကြီးလာဗော့တို့သည် မူလရာထူးများကို ပြန်လည် ထမ်းဆောင်ခွင့်ရမည်ဟု ဆိုသည်။

တာဝန်ထမ်းဆောင်

ထို့အတူ အနာတိုလီ ဆာဒီကော့ဗ်သည် ကာကွယ်ရေး ဝန်ကြီးအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ခွင့်ရမည် ဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ဗစ်တာ ဇူကော့သည် ပထမဆုံး ဒုတိယ ဝန်ကြီးချုပ်နှင့် ရေလုပ်ငန်း ဝန်ကြီးဖြစ်လာသည်။ မစ္စတာပူတင်သည် ပြီးခဲ့သည့် သီတင်းပတ်မှစ၍ ဝန်ကြီးချုပ် ရာထူးကို ထမ်းဆောင်သည်။ မက်ဗီဒေ့ဗ်သည် ရုရှား သမ္မတ ဖြစ်လာသည်။

ပြောကြား

အစိုးရအဖွဲ့ အစည်းအဝေးအပြီး ဝန်ကြီးအဖွဲ့စာရင်းကို မစ္စတာပူတင်က သတင်းထောက်များအား ပြောကြားလိုက်သည်။

(အင်တာနက်)

ဆားဗီးယား အထွေထွေရွေးကောက်ပွဲကျင်းပ သမ္မတ တာဒစ်၏ပါတီ အနိုင်ရရှိ

ဘဲလ်ဂရိတ် မေ ၁၃

ဆားဗီးယား အထွေထွေရွေးကောက်ပွဲ၏ အစောပိုင်းရွေးကောက်ပွဲရလဒ်များအရ သူ၏အနောက်လိုလားသည့် မဟာမိတ်အဖွဲ့က အသာစီးရရှိနေကြောင်း ဆားဗီးယားသမ္မတ ဘောရစ်တာဒစ်က ပြောကြားလိုက်သည်။

ဆာ့ဘ်ပြည်သူများသည် ဥရောပနှင့် ပေါင်းစည်းရေးလမ်းကို ရွေးချယ်လိုက်ကြပြီဖြစ်ကြောင်း သမ္မတဘောရစ်တာဒစ်ကပြောကြားသည်။သို့သော် သူ့အစိုးရသစ်က ကိုဆိုဗိုကို လွတ်လပ်သည့် နိုင်ငံအဖြစ်အသိ အမှတ်ပြုမည်မဟုတ်ဟုလည်း ၄င်းက သန္နိဋ္ဌာန်ချထားသည်။

ပူးပေါင်း

ရွေးကောက်ပွဲတွင် ထောက်ခံမဲအများစုရရှိသော်လည်း ညွန့်ပေါင်းအစိုးရဖွဲ့ရန် သမ္မတ ဘောရစ်တာဒစ်၏ အုပ်စုသည်အခြားပါတီများနှင့် ပူးပေါင်းရဦးမည် ဖြစ်သည်။

ကိုဆိုဗိုကို အီးယူနိုင်ငံအများစု အသိအမှတ်ပြုသောအခါ မည်သို့တုံ့ပြန်မည်ဆိုသော ကိစ္စတွင် သဘောထားကွဲပြီးနောက်သမ္မတတာဒစ်၏ဒီမိုကရက်တစ်ပါတီနှင့်ဝန်ကြီးချုပ်ကိုစတူနီစာ၏ ဆားဗီးယား ဒီမိုကရက်တစ်ပါတီ ညွန့်ပေါင်းအစိုးရ ပြိုကွဲခဲ့ရခြင်း ဖြစ်သည်။

(အင်တာနက်)

လက်ဘနွန်မြောက်ပိုင်း တိုက်ပွဲများပြန်လည်ဖြစ်ပွား

ဘေရွတ် မေ ၁၃

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့၌ မေ ၁၂ရက်က အတိုက်အခံ သေနတ်သမားများနှင့် အစိုးရထောက်ခံသူများအကြား တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလျက် ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ခိုက်

ထိုနေ့ညပိုင်းတွင် ဘေရွတ်မြို့အနီး၌ ဟစ်ဇ်ဘိုလာတို့က အစိုးရလိုလားသော ဒီရုဇီခေါင်းဆောင်သည့် တပ်များကို တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၃ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

လိုလား

လက်ဘနွန်၌ ဖြစ်ပွားနေသော ပဋိပက္ခကို ဖြေရှင်းနိုင်ရန် အာရပ်အဖွဲ့ချုပ်က ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း၊ လက်ဘနွန်ပြဿနာကို ဖြေရှင်းပေးရန်လိုလားကြောင်း ယင်းအဖွဲ့ချုပ်မှ အတွင်းရေးမှူးချုပ် အာမာမော့ဆာက ပြောကြားသည်။

စိုးရိမ်

လက်ဘနွန်နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသောအကျပ်အတည်းအတွက် စိုးရိမ်မိကြောင်း၊ မိမိတို့အနေဖြင့် ပြဿနာကို ပြေလည်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း အာမာမော့ဆာက ပြောကြားသည်။

ဟစ်ဇ်ဘိုလာ သေနတ်သမားများသည် လွန်ခဲ့သော သီတင်းပတ်က ဘေရွတ်ရှိ အစိုးရလိုလားသော တပ်ဖွဲ့ဝင်များကိုတိုက်ခိုက်လျက်ရှိရာ ၁၉၉၀ ပြည့်နှစ် ပြည်တွင်းစစ် အဆုံးသတ်ပြီးနောက်ပိုင်း အဆိုးရွားဆုံးဖြစ်သည်။ တိုက်ပွဲအတွင်း အနည်းဆုံး ၄၇ ဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ် ဆန်နီကာမြို့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုဒဏ်ကို ခံစားရပြီးနောက် အပျက်အစီးများအား မေ၁၂ရက်က တွေ့ရစဉ်။

(အဆိုပါ လေဆင်နှာမောင်းကြောင့် ၂၁ဦး သေဆုံးပြီး ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

တိုက်စစ်မှူးရဲ့ ကန်ချက်....

ဘောလုံးပွဲတစ်ပွဲ၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောကို ကန်ချက်ပြင်းပြင်းဖြင့် ကန်သွင်းယူခဲ့သူ တိုက်စစ်မှူးအား သတင်းထောက်တစ်ဦးက မေးလေသည်။

သတင်းထောက်။ ။ဘောလုံးကန်တာ အတော်လေး လေ့ကျင့်ခဲ့တာလား။

တိုက်စစ်မှူး ။ ။ပုံမှန်ပါပဲ။

သတင်းထောက်။ ။ဘောလုံးကန်ချက်တွေက အားပါပြီး ပြင်းထန်တယ်နော်။

တိုက်စစ်မှူး ။ ။ဒီလောက်လဲ မဟုတ်ပါဘူး။

သတင်းထောက်။ ။ပယ်နယ်တီကန်သွင်းတာ ပြင်းလွန်းလို့ ဂိုးသမားတောင် မဖမ်းနိုင်ဘူး။

တိုက်စစ်မှူး ။ ။အားပါလို့ဖြစ်ပါလိမ့်မယ်။

သတင်းထောက်။ ။ပယ်နယ်တီကန်သွင်းတဲ့ အချိန်မှာ စိတ်ထဲမှာ ဘယ်လိုထားလဲ.....

တိုက်စစ်မှူး ။ ။ဘောလုံးကို ကျွန်တော့်မိန်းမလို့ သဘောထားလိုက်တယ်။

သတင်းထောက်။ ။ "ဗျာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နိုင်ငံခြားရေးဝါဒ မက်ကိန်း လမ်းစပျောက်နေ

ဒီမိုကရက်တစ်အမတ် အိုဘားမားဝေဖန်

ဝါရှင်တန် မေ ၁၂

အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းနေရာအတွက် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့ အကြိတ်အနယ်ယှဉ်ပြိုင်မဲဆွယ်စည်းရုံးသည့် တစ်ချိန်တည်းမှာပင် အိုဘားမားက ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းမှာ နိုင်ငံခြားရေးမူဝါဒတွင် ရည်မှန်းချက်ပျောက်နေကြောင်း မေ ၁၂ ရက်က ဝေဖန်ပြောကြားလိုက်သည်။

ဂျွန်မက်ကိန်း(၇၁)နှစ်က ပါလက်စတိုင်းစစ်သွေးကြွအုပ်စု ဟားမတ်စ်မှာ အိုဘားမား **(အောက်ပုံ)**ကို အမေရိကန်သမ္မတ ဖြစ်ရန်လိုလားကြောင်း

မကြာမီက ပြောကြားခဲ့သည်။ ဤပြောကြားချက်ကို မစ္စတာအိုဘားမား (၄၆)နှစ် မည်သို့သဘောရသနည်း ဟူသော မေးခွန်းကို ပြောကြားရာ၌ အထက်ပါအတိုင်း အိုဘားမားက ထည့်သွင်း ပြောကြားသည်။

အမြင်ချင်းမကွဲပြား

ဂျွန်မက်ကိန်းက ထိုသို့ပြောကြားခြင်းမှာ ဝမ်းနည်းဖွယ်ကောင်းကြောင်း၊ အထူးသဖြင့် ဟားမတ်စ်အုပ်စုနှင့် စပ်လျဉ်း၍ တစ်ဦးနှင့်တစ်ဦး အမြင်ချင်း မကွဲပြားကြောင်း အိုဘားမားက ရှင်းလင်းပြောကြားသည်။

လမ်းစပျောက်

ထို့ကြောင့် ဂျွန်မက်ကိန်းသည် နိုင်ငံခြားရေးမူဝါဒတွင် လမ်းစပျောက်နေသူဖြစ်သည်ဟုဆိုရမည်ဖြစ်ကြောင်း အိုဘားမားက ဝေဖန်လိုက်သည်။

တန်ပြန်စွပ်စွဲ

ထိုအခါ အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ဂျွန်မက်ကိန်း၏ အသက်အရွယ်ကြီးမှုကို အိုဘားမားကတစ်ဆိတ်တစ်အိတ်လုပ်ကာ ပုံကြီးချဲ့နေသည်ဟု ဂျွန်မက်ကိန်းဘက်က တန်ပြန်စွပ်စွဲလိုက်သည်။ **(အင်တာနက်)**

ကာ့ဒ်သူပုန်များအား တူရကီတပ်ဖွဲ့မှ တိုက်ခိုက်

အန်ကာရာ မေ ၁၂

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကာဒ့်သူပုန်များအား တူရကီတပ်ဖွဲ့က ချေမှုန်းတိုက်ခိုက်ခဲ့ရာ သူပုန် ၁၉ ဦး သေဆုံးသွားကြောင်း တူရကီစစ်ဘက်က မေ ၁၂ ရက်တွင် ပြောကြားသည်။

သေဆုံး

ယင်းတိုက်ပွဲသည် အီရတ်နှင့် အီရန်နယ်စပ်ဒေသ ဟတ်ကာရီပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မေ ၉ ရက်က တူရကီတပ်ဖွဲ့ဝင်နှစ်ဦး ကာဒ့်သူပုန်များ၏ လက်ချက်ဖြင့် သေဆုံးခဲ့ပြီးနောက် အစိုးရတပ်များက လက်တုံ့ပြန် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ကာဒ့်သူပုန်များသည် ၁၉၈၄ ခုနှစ်မှစ၍ တူရကီအစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပြီးနောက် လူပေါင်း ၃၀၀၀၀ အထိ သေဆုံးသွားခဲ့ရပြီဖြစ်သည်။ တူရကီ တပ်ဖွဲ့ဝင်များသည် မကြာသေးသည့်လများက အီရတ်နယ်စပ်တစ်လျှောက်ရှိ ကာဒ့်သူပုန်စခန်းများကို မကြာခဏ တိုက်ခိုက်လျက်ရှိသည်။ **(အင်တာနက်)**

ဟစ်ဇ်ဘိုလာနှင့် အစိုးရထောက်ခံသူများအကြား တိုက်ပွဲအဆုံးသတ်ရေး လက်ဘနွန်တပ်များဖြန့်ကြက်

ဘေရွတ် မေ ၁၂

ဟစ်ဇ်ဘိုလာနှင့် အစိုးရထောက်ခံသူများအကြား တိုက်ပွဲဖြစ်ပွားမှုအဆုံးသတ်ရန် ထရီပိုလီမြို့ မြောက်ပိုင်း၌ လက်ဘနွန်တပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားလိုက်သည်။

ပစ်ခတ်တိုက်ခိုက်

ယင်းမြို့၌ တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားခဲ့၍ ထောင်ပေါင်းများစွာသော ပြည်သူများ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။ အပြန်အလှန် စက်သေနတ်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်ဟု ဆိုသည်။

ထိုသို့ တိုက်ပွဲအကြီးအကျယ် ပြန်လည်ဖြစ်ပွားလာမှုကြောင့် ၁၅ နှစ်ကြာ လက်ဘနွန်ပြည်တွင်းစစ် ဦးတည်လာမည်ကို စိုးရိမ်နေကြသည်။

သို့သော်လည်း အစိုးရနှင့်အပစ်အခတ် ရပ်စဲရေးအတွက် သဘောတူညီလိုက်ပြီးနောက် မေ ၁၁ ရက်တွင် ဟစ်ဇ်ဘိုလာတို့က ဘေရွတ်မြို့ အနောက်ပိုင်း၌ ဖြန့်ကြက်ထားသော တိုက်ခိုက်ရေးသမားများကို ပြန်လည်၍ ရုပ်သိမ်းခဲ့သည်။ အဓိကလမ်းမကြီးများနှင့် လေဆိပ်လမ်းများကို တိုက်ခိုက်ရေးသမားများက ပိတ်ဆို့ထားမြဲဖြစ်သည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ နစ်ဆန်းမော်တော်ကားကုမ္ပဏီမှ အသစ်တီထွင်ထုတ်လုပ်လိုက်သော လျှပ်စစ်စွမ်းအင်သုံး မော်တော်ကားသစ်တစ်မျိုးကို မေ ၁၂ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ၏ လေယာဉ်လိုအပ်ချက် ပြည်တွင်း၌ လေယာဉ်များထုတ်မည်

ပေကျင်း မေ ၁၂

တရုတ်နိုင်ငံ၏ ခရီးသည်တင် လေယာဉ်**(အပေါ်ပုံ)** ထုတ်လုပ်မှုသည် ဘိုးရင်းနှင့် အဲဘတ်စ်ကဲ့သို့ စီးပွားဖြစ် ထုတ်လုပ်သွားနိုင်တော့မည်ဖြစ်ကြောင်း နိုင်ငံပိုင် မီဒီယာက သတင်းထုတ်ပြန် ကြေညာသည်။

တရုတ်နိုင်ငံ၏ လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းသည် ဒေသတွင်းသုံးစွဲရန် ရည်ရွယ်ပြီး ခရီးသည် ၁၅၀ ကျော် တင်ဆောင်နိုင်သော လေယာဉ်များထုတ်လုပ်သွားရန် မျှော်လင့်ထားကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားသည်။

တည်ဆောက်

အဆိုပါ တရုတ်လေယာဉ် ထုတ်လုပ်ရေးလုပ်ငန်းသည် ရှန်ဟိုင်း၌ အခြေစိုက်ပြီး နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အစိုးရက ကျောထောက်နောက်ခံပြုတည်ထောင်ထားသည်။ ယင်းလေယာဉ် ထုတ်လုပ်ရေးလုပ်ငန်းမှ လောလောဆယ်တွင် ပြည်တွင်းသုံးစွဲရန် ခရီးသည် ၉၀ တင်ဆောင်နိုင်သော လေယာဉ်များ တည်ဆောက်နေသည်။

ထုတ်လုပ်

တရုတ်နိုင်ငံသည် ပြည်တွင်း လေကြောင်းပို့ဆောင်ရေးလုပ်ငန်း အရှိန်အဟုန်မြင့်တက်လာမှုကြောင့် ပြည်တွင်းလေယာဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကိုယ်ထူကိုယ်ထစနစ်ဖြင့် လေယာဉ်များ တီထွင်ထုတ်လုပ်လာသည်။

ဖော်ပြ

တရုတ်နိုင်ငံ၏ ခရီးသည်တင် လေယာဉ်လိုအပ်ချက်သည် လာမည့်အနှစ် ၂၀အတွင်း ငါးဆတိုးလာမည်ဖြစ်ကြောင်း၊ အပိုခရီးသည်တင်လေယာဉ် ၂၆၅၀ လိုအပ်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းက ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

မိဘစကားပယ်ရှားမိခဲ့သောအခါ....

နက်စ်ဟွာမြို့သည် အမေရိကန်နိုင်ငံ နယူးဟမ်ရှိုင်းယားနယ် တောင်ပိုင်း မာရီမက်ခ်မြစ်ကမ်းပါး ပေါ်ရှိ မြစ်ဆိပ်ကမ်း မြို့ကလေး တစ်မြို့ဖြစ်ပြီး လူတစ်သိန်းလေးသောင်းကျော်နေထိုင်သည်။ သာယာလှပပြီး အတန်အသင့် စည်ကားသောမြို့ဖြစ်သည်။

သမီးလိမ္မာ

နက်စ်ဟွာမြို့တွင် အီဗွန်နီဟာနန်ဒက်ဇ်ဆိုသည့်အမျိုးသမီးတစ်ဦးသည် မိဘနှစ်ပါးနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်သည်။ အီဗွန်နီသည် ယခုအခါ အသက် ၄၃ နှစ်အရွယ်ရှိနေပြီ ဖြစ်သော်လည်း အိမ်ထောင်မပြုသေးဘဲ မိဘနှစ်ပါးကို လုပ်ကျွေးနေသည့် သမီးလိမ္မာတစ်ဦးဖြစ်သည်။ သူမသည် အကောက်ခွန်ဌာနမှ အရာရှိတစ်ဦး ဖြစ်သည်။

စိုးရိမ်ပူပန်မိ

အီဗွန်နီသည် မိဘကျေးဇူးသိတတ်သော သမီးလိမ္မာတစ်ဦးဖြစ်သော်လည်း တစ်ဦးတည်းသောသမီးပီပီ မိဘများအပေါ် နွဲ့ဆိုးဆိုးတတ်သကဲ့သို့ သူမ လုပ်ချင်သည့်အရာကို မဖြစ်မနေ တစ်ဇွတ်ထိုး လုပ်ကိုင်တတ်သည့် ဉာဉ်ဆိုးတစ်ခုရှိလေသည်။ ထို့အပြင် အီဗွန်နီသည် အခါအားလျော်စွာယမကာသောက်သုံးလေ့ရှိပြီး ကားမောင်းကြမ်းသူ တစ်ဦးလည်းဖြစ်သည်။ မိဘနှစ်ပါး သည် စီးပွားဥစ္စာ ပြည့်စုံကြသူများ ဖြစ်သဖြင့် ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး သမီး၏ရှေ့ရေးကို မပူပန်သော်လည်း တစ်ဇွတ်ထိုး စိတ်ဓာတ်ရှိပြီး အရက်သေစာ သောက်စားတတ်ကာ ကားမောင်းကြမ်းသူ သမီး၏ အနာဂတ်အတွက်ကိုမူ အလွန်ပင်စိုးရိမ်ပူပန်မိသည်။ ထို့ကြောင့်လည်း သမီးဖြစ်သူ အီဗွန်နီ၏ ရှေ့ရေးအတွက် စိုးရိမ်ပူပန်ကာ ၎င်း၏ အမူအကျင့်များနှင့် ပတ်သက်ပြီး အကြိမ်ကြိမ် အခါခါ ဆုံးမခဲ့ကြသည်။ သို့သော်လည်းအီဗွန်နီသည် သူမ၏အကျင့်ကို ပြုပြင်ခြင်း မရှိခဲ့ပေ။

သူမ၏ တစ်ဇွတ်ထိုးအကျင့်၊ အရက်သေစာ သောက်စားမှုနှင့် ကားမောင်းကြမ်းမှု တို့ကြောင့်ပင် သူမ၏ ဘဝလောက အမှောင်ထဲတွင် စုံးစုံးမြုပ်ခဲ့ရလေသည်။

အရှိန်မြင့်မောင်းနှင်

အီဗွန်နီသည် ၂၀၀၈ ခုနှစ် မေ ၂ ရက် နံနက်စောစောပိုင်းက စားသောက်ဆိုင်တစ်ဆိုင်တွင် မိတ်ဆွေတစ်ဦးနှင့် ဝင်ရောက် စားသောက်ခဲ့လေသည်။ စားသောက်ပြီးနောက် မိတ်ဆွေတစ်ဦးနှင့်လမ်းခွဲကာ အိမ်သို့ကားမောင်းပြီး ပြန်လာခဲ့သည်။ အီဗွန်နီသည် အရက်မူးလွန်နေချိန်ဖြစ်သဖြင့် ကားကိုအရှိန်မြှင့် မောင်းနှင်ခဲ့လေသည်။ ထိုကဲ့သို့ အရှိန်မြှင့် မောင်းနှင်နေစဉ်အိမ်ရောက်ခါနီး၌ လူအုပ်စုတစ်စု လမ်းပေါ်တွင် လမ်းလျှောက်နေသည်ကို တွေ့ရလေသည်။

အီဗွန်နီ၏ စိတ်ထဲတွင် ထိုလူအုပ်သည် သူမ၏ကားအနီးသို့ ရောက်လျှင် လမ်းပေါ်မှ အဝေးသို့ရှောင်ကြမည်ဟုထင်မှတ်ကာ အရှိန်ကိုလုံးဝလျှော့မောင်းခြင်းမရှိခဲ့ပေ။ သို့သော်လည်း သူမထင်သည့်အတိုင်း ဖြစ်မလာခဲ့ပေ။ လူအုပ်တစ်အုပ်စုလုံးနီးပါး ရှောင်လိုက်နိုင်သော်လည်း ယင်းတို့အနက်မှ တစ်ဦးမှာ လမ်းမပေါ်တွင် ကျန်နေခဲ့သည်။

နောင်တရ

ကားလမ်းပေါ်တွင် ကျန်နေသူတစ်ဦးမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး သူမ၏ကားမှာ ထိုအမျိုးသမီးအနီးသို့ ရောက်သွားချိန်တွင် အမျိုးသားတစ်ဦးက ၎င်းအား ဝင်ရောက်ကာကွယ်လိုက်လေသည်။ ထိုသို့ကာကွယ်လိုက်မှုကြောင့် အမျိုးသမီးမှာ အသက်ဘေးမှ လွတ်မြောက်သွားသော်လည်း အမျိုးသားမှာမူ ဦးခေါင်းတွင် ထိခိုက်ကာ သွေး အိုင်ထဲတွင် လဲကျနေခဲ့သည်။ အီဗွန် နီသည်ကားကို ကြောက်လန့်တကြား တစ်အားကုန် ဘရိတ်အုပ်ပစ်လိုက်တော့သည်။ ထိုသို့တိုက်မိမှုကြောင့်သူမနှင့် လူအုပ်စုတို့ အကြီးအကျယ်စကား များခဲ့ကြရသည်။ ယာဉ်တိုက်မှုဖြစ်ခဲ့သည့် အခင်းဖြစ် အရပ်တွင်ပင် သူမအဖမ်းခံခဲ့ရသည်။ ထိုအခါမှ မိဘများ၏ စကားကို နားမထောင်မိခဲ့သည့်အတွက် နောင်တရခဲ့သည်။

လွတ်မြောက်

အီဗွန်နီ ဟာနန်ဒက်ဇ်သည် နောက်ပိုင်းတွင် အမျိုးသမီးအား အကာအကွယ်ပေးသဖြင့်ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိပြီး သေဆုံးခဲ့သော အမျိုးသားမှာ အသက် ၂၉နှစ် အရွယ်ရှိ မက်သရူး ဗျူဒိုအင်ဖြစ်ပြီး အသက်ဘေးမှ သီသီကလေး လွတ်မြောက်ကာဒဏ်ရာအနည်းငယ်သာရရှိခဲ့သူ အမျိုးသမီးမှာ အသက် ၂၁နှစ်အရွယ်ရှိ မာရီယာဟုချ် ဖြစ်ကြောင်း သိရသည်။

သင်ခန်းစာယူဖွယ်

အီဗွန်နီဟာနန်ဒက်ဇ်သည် မိဘများက ရှေ့ရေးကိုကြိုတင်တွေးတောပူပန်ကာ အကြိမ်ကြိမ်ဆုံးမခဲ့သော်လည်းမနာခံခဲ့သည့်အတွက် လူသေမှုဖြစ်စေခဲ့ပြီး တရားရုံးတွင် အမှုရင်ဆိုင်နေရကာ ထောင်ထဲတွင် နှစ်ပေါင်းမည်မျှ ပေးဆပ်ရဦးမည် မသိပေ။ ထို့ကြောင့် မိဘစကားပယ်ရှားခဲ့သည့်နောက်တွင် ဖြစ်ပျက်လာခဲ့သမျှ ဒုက္ခ၊ သုက္ခအဖုံဖုံကို ရင်ဆိုင်ရဦးမည့် အီဗွန်နီဟာနန်ဒက်ဇ်၏ အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

လာမည့်ရာသီ ဖလားရအောင်ကြိုးစားမည် လီဗာပူးအသင်းခေါင်းဆောင်ဂျရတ်ပြောကြား

လန်ဒန် မေ ၁၀

လီဗာပူး အသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ၄င်းအနေဖြင့် လီဗာပူး၌သာ ဘောလုံးသမားဘဝ ကုန်ဆုံးလိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ လာမည့် ရာသီတွင် ဖလားရအောင် ကစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တုံ့ပြန်ပြောကြား

ကွင်းလယ်ကစားသမားစတီဗင် ဂျရတ်သည် လွန်ခဲ့သော သီတင်းပတ်က အင်တာမီလန်က ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်ဆိုသောသတင်း ထွက်ပေါ်ခဲ့ပြီးနောက် အထက်ပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

ဆွတ်ခူးနိုင်

ဂျရတ်သည် လီဗာပူးအသင်းနှင့်အတူ ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ နှစ်ကြိမ်တက်နိုင်အောင် ပါဝင်ခြေစွမ်းပြကစားခဲ့သည်။ ထို့အပြင် ၂၀၀၅ခုနှစ်က ဥရောပချန်ပီယံဆုဖလားကိုလည်း လီဗာပူးအသင်းနှင့်အတူ ဆွတ်ခူးနိုင်ခဲ့သည်။

စတုတ္ထနေရာ

ယခုနှစ်ပရီမီယာလိဂ်ရာသီတွင် လီဗာပူးအသင်းသည် မန်ယူအသင်း၊ ချယ်လ်ဆီးအသင်း၊ အာဆင်နယ်အသင်းတို့နှင့်အတူ ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ရေး ကြိုးစားခဲ့သော်လည်း အမှတ်ပေးဇယား စတုတ္ထနေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ကတိပြုပြောကြား

စတီဗင်ဂျရတ်က ယခုနှစ်တွင် ဖလားမရသော်လည်း လာမည့်ရာသီများ၌ လီဗာပူးအသင်းကို ဖလားများ ဆွတ်ခူးပေးနိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုက်သည်။ **(အင်တာနက်)**

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်

မြင့်မောင်စိုးစုစည်းသည်




တိုက်စစ်မှူး အဒီဘာယော(ဝဲ)နှင့် အလက်ဇန္ဒားလက်ဘ်

တိုက်စစ်မှူးအဒီဘာယော အာဆင်နယ်၌သာဆက်ရှိမည်

လန်ဒန် မေ ၁၀

အာဆင်နယ် အသင်းအတွက် အဓိကအားကိုးအားထားပြုရသည့် အလက်ဇန္ဒားလက်ဘ် ထွက်ခွာတော့မည် သတင်းကြောင့် နည်းပြကြီး ဝင်းဂါး အံ့ဩမဆုံးဖြစ်နေချိန်တွင် တိုက်စစ်မှူး အဒီဘာယောက အာဆင်နယ်မှာသာ ဆက်လက်ကစားရန် သန္နိဋ္ဌာန် ချထားကြောင်း ပြောဆိုလိုက်သည်။ အလက်ဇန္ဒားလက်ဘ်အား အင်တာမီလန် အသင်းက ခေါ်ယူရန်ကမ်းလှမ်းထား ပြီးဖြစ်သည်။ အာဆင်နယ်ကွင်းလယ်ကစားသမား ဖလာမီနီ အေစီမီလန်သို့ အလွတ်ပြောင်းရွှေ့ခဲ့ပြီဖြစ်၍ အလက်ဇန္ဒားလက်ဘ် အာဆင်နယ်မှ ထွက်ခွာခဲ့လျှင် အသင်းအတွက် များစွာနစ်နာနိုင်ကြောင်း ကလပ်တာဝန်ရှိသူများက ပြောကြားသည်။

အသင့်ရှိ

မိမိအနေဖြင့် အာဆင်နယ်ကလပ်နှင့် အာဆင်နယ် ပရိသတ်များကို ချစ်မြတ်နိုးကြောင်း၊ အာဆင်နယ်အသင်း ဖလားများ ဆွတ်ခူးရရှိသည် အထိကစားသွားရန် အသင့်ရှိကြောင်း တိုဂိုတိုက်စစ်မှူး အဒီဘာယောက ဆိုသည်။ **(အင်တာနက်)**

အင်တာနက်သတင်းအတိုအထွာ

- ☐ အင်တာမီလန်အသင်းသည် ဘာစီလိုနာတိုက်စစ်မှူး အီတူးအားပေါင်သန်း ၃၀ဖြင့်ခေါ်ယူရန် စဉ်းစားနေသည်။
- ☐ **ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာသည် လာမည့်ရာသီတွင် မော်ရင်ဟိုတာဝန်ယူနည်းပြဖွယ်ရှိသည့် အေစီမီလန်အသင်းနှင့် သုံးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီခဲ့သည်။**
- ☐ စပါးတိုက်စစ်မှူးဘာဘာတော့ဗ်အား ချယ်လ်ဆီးအသင်းက ပေါင်သန်း ၂၀ဖြင့် ခေါ်ယူရန်ကမ်းလှမ်းလိုက်သည်။
- ☐ **မန်ယူအသင်းသည် ဆီဗီလာအသင်းတွင် ယခုရာသီ၌ ၃၈ပွဲကစားပြီး ၃၃ဂိုးသွင်းယူထားသူ ဘရာဇီးတိုက်စစ်မှူး လူးဝစ်ဖာဘီယာနိုအားခေါ်ယူရန် စီစဉ်လျက်ရှိသည်။**
- ☐ ဘာစီလိုနာအသင်းသည် စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်အား ခေါ်ယူရန် စီစဉ်နေသည်။
- ☐ **နယူးကာဆယ်အသင်းမှ တိုက်စစ်မှူးမိုက်ကယ်အိုဝင်အား ပေါင် ၇သန်းဖြင့်ခေါ်ယူရန် မန်ယူက ကြိုးစားနေကြောင်း သတင်းများထွက်ပေါ်နေသည်။**
- ☐ အာစင်ဝင်းဂါးသည် အသက် ၁၈နှစ်အရွယ်ရှိ အက်သလက်တီကိုအသင်း ကွင်းလယ်ကစားသမား ကမာချိုအား ပေါင် ၁၅သန်းဖြင့် ခေါ်ယူလိုသည်ဟုဆိုသည်။
- ☐ **ချယ်လ်ဆီးအသင်းသည် လွန်ခဲ့သောငါးလခန့်က ဘော်လ်တန်မှ ပေါင် ၁၅သန်းဖြင့်ဝယ်ယူထားသော တိုက်စစ်မှူးအနယ်ကာကို ပြန်ထုတ်ရောင်းရန် စီစဉ်နေသည်။**
- ☐ လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်သည် သူ၏အသင်းနှင့် ကျန်ရှိနေသော စာချုပ်သက်တမ်းကို အဆုံးသတ်ကာ ၄င်းအား ခေါ်ယူရန် စိတ်ဝင်စားနေသော စပိန်ကလပ် ဗီလာရီးရဲသို့ပြောင်းရွှေ့ဖွယ်ရှိနေသည်။

မန်ယူရဲ့ ပရီမီယာလိဂ်ချန်ပီယံပြေးလမ်း

အောင်နိုင်သူ ဖာဂူဆန်

လန်ဒန် မေ ၁၂

၂၀၀၇-၂၀၀၈ ပရီမီယာလိဂ် မာရသွန်ခရီးပြီးဆုံးချိန်မှာတော့နောက်ဆုံးပွဲစဉ်အထိ ရေကုန်ရေခန်းကစားပြီး မန်ယူတို့(၁၀)ကြိမ်မြောက် ပရီမီယာလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက်ရယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။မန်ယူအသင်းအတွက် တစ်ရာသီလုံး ရင်တမမ ဖြစ်ခဲ့ရတဲ့ ကမ္ဘာတစ်ဝန်းမှ မန်ယူပရိသတ်တွေလည်း အခုမှပဲပင့်သက်ချပြီး ပြုံးပန်းဝေကာ အောင်မြင်မှုကို မျှဝေခံစားနိုင်ခဲ့ကြပါတယ်။

ရယူခဲ့

တကယ်တော့ မန်ယူအသင်းအခုလို ဖလားကိုင်မြှောက်ခွင့်ရအောင် ဖြတ်သန်းခဲ့ရတဲ့ခရီးဟာ လွယ်ကူချောမွေ့ခဲ့တာတော့မဟုတ်ပါဘူး။ မန်ယူအသင်းဟာ အသင်း၂၀သာ စတင်ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ၁၉၉၂-၁၉၉၃ ရာသီကစပြီး ပွဲစဉ်(၃၈)အထိယှဉ်ပြိုင်ကစားပြီးမှ ပရီမီယာလိဂ်ဖလား ရရှိခဲ့တာ အခုနှစ်နဲ့ဆိုရင် လေးကြိမ်တိုင်တိုင်ရှိခဲ့ပြီ ဖြစ်ပါတယ်။

နောက်ဆုံးပွဲစဉ်

၁၉၉၄-၁၉၉၅မှာ ဘလက်ဘန်း၊ ၁၉၉၅-၁၉၉၆မှာ နယူးကာဆယ်၊ ၁၉၉၈-၁၉၉၉မှာ အာဆင်နယ်နဲ့ အခု၂၀၀၇-၂၀၀၈မှာ ချယ်လ်ဆီးတို့နဲ့အပြိုင်နောက်ဆုံးပွဲစဉ်(၃၈)အထိကစားပြီး ပရီမီယာလိဂ်ဖလား ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဆိုးရွား

အခု ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ မန်ယူဟာ အစပိုင်းပွဲစဉ်တွေမှာ ပုံမှန်ခြေစွမ်းပြနိုင်ပေမယ့်

ပရီမီယာလိဂ်ပွဲစဉ်(၃၈)အဖြစ် ဝီဂန်နှင့်မန်ယူတို့ပွဲတွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ်(ယာ)နှင့် ဝီဂန်မှ ပါလာစီရို့စ်တို့ ဘောလုံးရရှိရေး ဤသို့ကြိုးစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ရလဒ်တွေ မကောင်းခဲ့လို့ တန်းစီဇယားထိပ်ဆုံးက အာဆင်နယ်ထက် ရှစ်မှတ်ကွာ အနေအထားအထိ ရောက်ရှိခဲ့ပါတယ်။ ဒါ့အပြင် အသင်းရဲ့ အဓိကအားထားစရာ ကစားသမားဖြစ်တဲ့ စီရိုနယ်ဒိုကလည်း ပရီမီယာလိဂ်ပွဲစဉ်(၂)ဖြစ်တဲ့ ပို့စ်မောက်နဲ့ပွဲမှာ အနီကတ်ပြအထုတ်ခံရလို့ ပွဲပယ်ပြစ်ဒဏ်ခံခဲ့ရတာကလည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မန်ယူဟာ ပွဲစဉ်(၄)အထိ ငါးမှတ်သာ ရရှိပြီး အာဆင်နယ်ထက် ရှစ်မှတ်ကွာကာ အခြေအနေတွေ ဆိုးရွားနေခဲ့ပါတယ်။

ဖိအားပေး

ဒါပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ မန်ယူအသင်းကို ဖာဂူဆန် ပြန်ထိန်းပြီး ဗျူဟာအခင်းအကျင်းတွေ ကောင်းကောင်းချမှတ်နိုင်တာမို့ နိုင်ပွဲတွေပြန်ရခဲ့သလို ထိပ်ဆုံးကအသင်းတွေနဲ့ အမှတ်ကွာဟမှု ကျဉ်းမြောင်းလာတဲ့အပြင် ဖိအားတွေပေးနိုင်ခဲ့တဲ့အထိ ဖြစ်လာပါတယ်။

မန်ယူအသင်း ပုံမှန်ခြေစွမ်းပြန်ရပြီးအဝေးကွင်း၊ အိမ်ကွင်းရလဒ်တွေ ပြန်ကောင်းလာချိန်မှာ တန်းစီဇယားထိပ်ဆုံးက အာဆင်နယ်တို့ ခြေယိုင်စပြုလာပါတယ်။ လူငယ်ခြေတက်တွေနဲ့ဖွဲ့စည်းထားတဲ့အာဆင်နယ်က ပွဲတိုင်းနီးပါးကစားသမားအပြောင်းအလဲမလုပ်ဘဲ ရလဒ်ကောင်းဖို့တစ်ခုတည်းကြည့်ပြီး တွန်းအားပေးကစားစေခဲ့တာမို့ ခြေပန်းပြီး ပရီမီယာလိဂ်ပန်းဝင်ခါနီးမှာ သရေပွဲတွေဆက်တိုက်ဖြစ်လာခဲ့ပါတယ်။

အိပ်မက်ပျက်ပြယ်

ဒါကြောင့် ပွဲစဉ်(၃၂)ကစားပြီးချိန်မှာ မန်ယူတို့က ၇၆မှတ်နဲ့ထိပ်ဆုံးကဦးဆောင်နေသလို ချယ်လ်ဆီးက ၇၁မှတ်နဲ့ ဒုတိယလိုက်ကာ အာဆင်နယ်ကအမှတ် ၇၀နဲ့တတိယနေရာမှာရှိခဲ့တဲ့အထိဖြစ်ခဲ့ပြီး မန်ယူနဲ့ ပွဲတူခြောက်မှတ် ကွာသွားခဲ့ပါတယ်။ ဒါ့အပြင် အာဆင်နယ်ရဲ့ အဓိကကစားသမားအချို့ ဒဏ်ရာရရှိခဲ့တာမို့ အထိနာစေခဲ့ပြီး မန်ယူနဲ့ အမှတ်ကွာဟမှုတွေ ဖြစ်ခဲ့ပြီးနောက်မှာ ဘယ်လိုမှ လိုက်မမီဘဲ ပရီမီယာလိဂ်ဖလား အိပ်မက်ပျက်ပြယ်ခဲ့ရခြင်းဖြစ်ပါတယ်။

အပြိုင်ဖြစ်လာ

ဒီလို အခြေအနေမှာ ခြေစွမ်းပုံမှန်ရနေတဲ့ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ဖလား ရယူရေးမှာ မန်ယူနဲ့ အပြိုင်ဖြစ်လာပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ထူးခြားချက်ကတော့ လေးနှစ်ဆက်တိုက်အိမ်ကွင်းရှုံးပွဲမရှိသေးခြင်းပဲ ဖြစ်ပါတယ်။

မျှော်လင့်

မန်ယူဟာ ချယ်လ်ဆီးနဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃၆)ကို ချယ်လ်ဆီးကွင်းမှာ ကစားရမယ့်ပွဲက ပရီမီယာလိဂ်ဖလားအတွက် အဆုံးအဖြတ်သဖွယ် မျှော်လင့်ခဲ့ကြပေမယ့် ဒီပွဲမှာမန်ယူရှုံးခဲ့လို့ မန်ယူနဲ့ ချယ်လ်ဆီးတို့ရဲ့ ပြိုင်ဆိုင်မှုက နောက်ဆုံးပွဲစဉ်(၃၈)အထိ ဦးတည်စေခဲ့ပါတယ်။

ဖြတ်ကျော်

ဒီလိုအချိန်မှာ မန်ယူနဲ့ချယ်လ်ဆီးတို့ ပွဲတူ၊ ရမှတ်တူ ဖြစ်နေချိန်ပါပဲ။ လက်ကျန်ပွဲတွေကိုကြည့်ရင် ချယ်လ်ဆီးက နယူးကာဆယ်နဲ့ဘော်လ်တန်အသင်းတွေကို ရင်ဆိုင်ဖြတ်ကျော်ရမှာဖြစ်သလို မန်ယူကလည်း ဝက်စ်ဟမ်း၊ ဝီဂန်အသင်းတို့နဲ့ ကစားရမှာဖြစ်ပါတယ်။

မန်ယူနဲ့ချယ်လ်ဆီးတို့ လက်ကျန်ပွဲနှစ်ပွဲစလုံး အနိုင်ကစားရင် ဂိုးကွာခြားချက်နဲ့ မန်ယူက ဖလားရမှာဖြစ်လို့ အခွင့်အရေးက သာနေခဲ့ပါတယ်။

တိုက်စစ်မှူး ဒရော့ဘာ

ပရီမီယာလိဂ်ပွဲ စဉ် (၃၈) အဖြစ် ချယ်လ်ဆီးနှင့် ဘော်လ်တန်တို့ ပွဲတွင် ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာ ဤသို့ထိုးဖောက်ကစားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

အနိုင်ကစား

ဒီလိုအခြေအနေမျိုးကို မန်ယူနည်းပြ ဖာဂူဆန် သုံးကြိမ်တိုင်တိုင်ကြုံတွေ့ခဲ့ရဖူးတာမို့ ဘယ်လိုကျော်ဖြတ်ပြီး ပရီမီယာလိဂ်ဖလားသိမ်းပိုက်ရမယ်ဆိုတာ ကြိုတင်ပြင်ဆင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဖာဂူဆန်ဟာ မန်ယူအသင်း ရလဒ်ကောင်းအောင် အာရုံစိုက်ပြီး ဗျူဟာခင်းကျင်းခဲ့တာမို့ လက်ကျန်နှစ်ပွဲစလုံးကို အနိုင်ကစားနိုင်ခဲ့ပါတယ်။

မှတ်တိုင်စိုက်ထူ

မန်ယူအသင်းဟာ ပရီမီယာလိဂ်ချန်ပီယံမှတ်တမ်း တစ်လျှောက်မှာ ၂၀၀၀-၂၀၀၁ခုနှစ်က ၃၃ပွဲကစားပြီးချိန်မှာပဲ ပရီမီလိဂ်ဖလားကို ရယူနိုင်ခဲ့တာမို့ ပရီမီယာလိဂ်ပြိုင်ပွဲ ၁၅နှစ်တာသက်တမ်းမှာတော့ အမြန်ဆုံးဖလားရယူနိုင်ခဲ့တဲ့ မှတ်တိုင်စိုက်ထူနိုင်ခဲ့ပါတယ်။

ဒါကြောင့် ဒီနှစ်မှာ အဲဒီလိုမှတ်တိုင်မစိုက်ထူနိုင်ခဲ့ပေမယ့် ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်အထိ ပရိသတ်ကို ရင်ခုန်လှိုက်မောအောင် ရသပေးစွမ်းပြီး ပရီမီယာလိဂ်ဖလား ရယူနိုင်တာကတော့ ဖာဂူဆန်ရဲ့အစွမ်းတွေ အများကြီးပါဝင်နေခဲ့ပါတယ်။

ဆွတ်ခူး

ဒါကြောင့် ဒီနှစ်ပရီမီယာလိဂ်ချန်ပီယံဖလားကို မန်ယူတို့နောက်ဆုံးပွဲစဉ်အထိကစားပြီး ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ ရင်တမမဖြစ်အောင်လုပ်ကာ ရသမျိုးစုံပေးရင်း ပရီမီယာလိဂ်ဖလားကို ၁၀ ကြိမ်မြောက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိသွားခြင်းပဲ ဖြစ်ပါတယ်။ ။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ ရေးသားသည်

တံတားဦးပညာဘဏ်တိုက်စာကြည့်တိုက် အဆောက်အအုံဖွင့် ရေရှည်တည်တံ့ရေးနှင့် စာအုပ်များတိုးပွားရေးဆွေးနွေး

တံတားဦး ဧပြီ ၁၀

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သားများဘကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် သားများဘကျေးရွာ ပညာဘဏ်တိုက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၇ရက် နံနက်၉နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ် အမှုဆောင် ဦးမြင့်ငွေက နိုင်ငံတော် တိုးတက်ပြောင်းလဲနေမှုနှင့် အသင်း၏ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်စာစောင် တိုးပွားရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ပညာဘဏ်တိုက် စာကြည့်တိုက်အဆောက်အအုံသစ်ကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(အပေါ်ပုံ) **(မြို့နယ် ပြန်/ဆက်)**

စီးပွားရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ မုံရွာ၌ကျင်းပ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ ရှင်းလင်းဆွေးနွေး

မုံရွာ မေ ၅

စစ်ကိုင်းတိုင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် စီးပွားရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ၂၆ရက် မွန်းလွဲ ၃ နာရီက မုံရွာမြို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) စစ်ကိုင်းတိုင်း စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးတင်ဦးက ၂၀၀၈-၂၀၀၉ ခုနှစ် စီးပွားရေး စီမံကိန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် တိုင်းမှူးက ခရိုင်အလိုက် တာဝန်များကို ခန္တီး၊ တမူး၊ မော်လိုက်၊ ကလေး၊ ကသာ၊ ရွှေဘို၊ မုံရွာနှင့် စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ပေးအပ်သည်။

တင်ပြ

ဆက်လက်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ၂၀၀၇-၂၀၀၈ခုနှစ် စီးပွားရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

ထို့နောက် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဆည်မြောင်းဦးစီးဌာန၊ ဝါလုပ်ငန်း၊ ရေအရင်းအမြစ် ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ နှစ်ရှည်သီးနှံ လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)အရဏ်ဆွမ်း လောင်းလှူမည်

ရမည်းသင်း မေ ၁၀

နှစ်စဉ်မပျက် ပြုလုပ်မြဲဖြစ်သည့် (အဠမ)အကြိမ်မြောက် ရမည်းသင်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၃၂ ကျောင်းနှင့် ပရိယတ္တိစာသင်တိုက်များ အပါအဝင် ကျောင်းတိုက်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော စာချ စာသင် သံဃာအပါး ၅၀၀ ခန့်တို့အား စေတနာရှင်အလှူရှင်များ လှူဒါန်းငွေဖြင့် ရန်အောင်မြင် ဘုရားဂေါပကအဖွဲ့နှင့် ဝေယျာဝစ္စလူငယ်များအဖွဲ့က တာဝန်ယူပြီး ၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် အရုဏ်ဆွမ်းနှင့်ဆွမ်းဟင်းများကို ရန်အောင်မြင် တန်ဆောင်းရှေ့၌ နံနက် ၅ နာရီမှစပြီး အလှူရှင်များ ကိုယ်တိုင်လာရောက် လောင်းလှူကြမည်ဖြစ်သည်။ **(၁၆၉)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့ ဧပြီ ၅ရက်က ပေါက်တော မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အမှတ် (၃) ရပ်ကွက် အများသုံး အုတ်ရေကန် တည်ဆောက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ဆံတော်ရှင် ဦးဇိနစေတီမြတ်ကြီး၏ ပရဝဏ် အဂ္ဂါ ထောင့်၌တည်ဆောက်မည့်မြတ်စွာ ဘုရားရုပ်တုတော်နှင့် တရားဘာဝနာ ပွားများ အားထုတ်လျက်ရှိသော ဇိနရသေ့ ရုပ်တုတော်တို့အတွက် ဧပြီ ၂၉ ရက်က အလှူရှင်မော်လမြိုင်မြို့ မြိုင်သာယာရပ်နေ ဦးခင်စိုး-ဒေါ်ဖြူဖြူရွှေ (အင်ကြင်းစိမ်းစားသောက်ဆိုင်) မိသားစုက ငွေကျပ် ကိုးသိန်းခြောက်သောင်းကို ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ ဦးစီးနာယက ဦးစိန်မြင့်က လက်ခံယူစဉ်။ (၀၁၄)

မြေယာရှင်းအလု

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် မြေယာရှင်းအလု ပြုပြင်ခြင်းကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာသို့ မတ် ၂၉ ရက်က ဦးစီးအရာရှိ ဦးကျော်ငြေး ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ် ပြင်ဦးလွင်ခရိုင်၌ ရည်ရွယ်ချက်ရှင်းလင်း

ပြင်ဦးလွင် မေ ၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ် ၂၀၀၈-၂၀၀၉ခုနှစ် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၅ရက်က ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်၊ ခရိုင် အတွင်းရေးမှူး ဦးအောင်သီထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်က အမှာစကားပြောကြားပြီး စီမံကိန်း ရည်မှန်းချက်တာဝန်များကို မြို့နယ်ဥက္ကဋ္ဌဦးအေးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ရာ ခရိုင် အတွင်းရေးမှူး ဦးအောင်သီထွန်းက လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုနှင့် ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(၀၈၈)**

အခြေခံပညာ အဆင့်မြှင့်

အေရိုးဗစ်သင်တန်းဖွင့်လှစ်

ဧပြီ ၁၂ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းတွင် နွေရာသီကျောင်းပိတ်ရက် မြို့နယ်အဆင့် အေရိုးဗစ်သင်တန်း ဖွင့်လှစ်သင်ကြားပေးစဉ်။ (၀၉၀)

ကောလင်း ဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်းနိုင်

ကောလင်း မေ ၂

ကောလင်းမြို့နယ် နန္ဒင်းတောအုပ်စု ရွာမကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသော ခုတင် ၅၀ဆံ့ ဘိုးဘွားရိပ်သာကို ငွေကျပ်သိန်း ၁၂၀၀ကျော်ဖြင့် အကုန်အကျခံ တည်ဆောက်လျက်ရှိရာ ရပ်နီးရပ်ဝေးမှ ကုသိုလ်ရှင်များငွေကြေး လှူဒါန်းလိုပါက ဦးရဲမြင့် ဖုန်း-၀၇၅-၄၂၀၄၆၊၀၇၅-၄၂၁၄၀၊ ဦးဇော်ဝင်း ဖုန်း-၀၇၅-၄၂၁၅၄၊ ဒေါက်တာခင်သောင်း ဖုန်း-၀၇၅-၄၂၁၀၂နှင့် ဦးကျော်လွင် ဖုန်း-၀၇၅-၄၂၁၇၈၊ ၀၇၅-၄၂၂၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၃၂)**

မုန်တိုင်းဒဏ်သင့်ပြည်သူများ အစစအရာရာ အဆင်ပြေအောင်ဆောင်ရွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး ဝိုင်းဝန်းပံ့ပိုး

နေပြည်တော် မေ ၁၃

မုန်တိုင်းဒဏ်သင့်ဒေသများ လယ်ယာမြေပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ လိုအပ်သည်များကို ညှိနှိုင်းမှာကြားသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ■

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၁၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိကြရာ ဩစတြေးလျ နိုင်ငံမှ စောင်၊ မိုးကာတဲ၊ အိပ်ရာ၊ ရေသန့်ဆေးပြားနှင့် ဆေးဝါးမျိုးစုံ စုစုပေါင်း ၃၂ တန်သည် **C-17** လေယာဉ်ဖြင့် ယနေ့နံနက် ၆ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး**(UNHCR)**မှ ပလတ်စတစ်စများ၊ ခြင်ထောင်၊ မီးဖိုချောင်ပစ္စည်းများ၊ စောင်များ စုစုပေါင်း ၃၈ တန်ကျော်သည် **MCW-443** လေယာဉ်ဖြင့် နံနက် ၈ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံရှိ လူမှုရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည့် **MERCY Relief** မှ မိုးကာတဲ ၁၁၆ ထုပ်သည် **SILK Air MI-512** လေယာဉ်ဖြင့် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်မတော်မှ ဆေးဝါးများ၊ ပလတ်စတစ်များ၊ ကြက်ခြေနီသေတ္တာ၊ အစားအသောက်များနှင့် ရေသန့်ဆေးပြားများ စုစုပေါင်း ၁၃ တန်သည် **C-130** လေယာဉ်ဖြင့် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ထောက်ပံ့ရေးပစ္စည်းများသည် **C-130** လေယာဉ်နှစ်စင်းဖြင့် နံနက် ၁၀ နာရီ ၃၅ မိနစ်နှင့် မွန်းလွဲ ၂ နာရီတို့တွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံရှိ **KOICA** အဖွဲ့မှ ဂျုံမှုန့်များ၊ နို့မှုန့်များ၊ မိုးကာတဲများ၊ ရေသန့်စက်များ၊ ရေသန့်ဆေးပြားများနှင့် ဆေးပစ္စည်းမျိုးစုံ စုစုပေါင်း ၁၅ တန်ကျော်တို့သည် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့မှ ငှက်ဖျားဆေးနှင့် ပိုးသတ်ဆေးများ စုစုပေါင်း ၁ ဒသမ ၄၅ တန်သည် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်**(WFP)**နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့**(ICRC)**မှ ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁၈တန်ကျော်သည် မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ ရွက်ဖျင်တဲ၊ ဆေးအမျိုးမျိုး၊ ပလတ်စတစ်လိပ်စသည့် စုစုပေါင်း ၃၈ တန်ကျော်သည် ညနေ ၄ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများမှ ဇန်ကောက်မြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် *စာမျက်နှာ ၄ ကော်လံ ၅* ●

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဒေသများအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ C-130 လေယာဉ်ဖြင့် ရောက်ရှိလာသော အမေရိကန်ပြည်ထောင်စုမှ ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက သယ်ယူပို့ဆောင်ကြစဉ်။ (သတင်းစဉ်)

အမေရိကန်ပြည်ထောင်စုမှ ထောက်ပံ့ရေးပစ္စည်းများ ထပ်မံရောက်ရှိ

ရန်ကုန် မေ ၁၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ဒေသများအတွက် အမေရိကန်ပြည်ထောင်စုမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိရာ ယနေ့တွင်လည်း ထောက်ပံ့ရေးပစ္စည်းများ နှစ်ခေါက်ထပ်မံပေးပို့ခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်

အမေရိကန်ပြည်ထောင်စုမှ ရေသန့်ဘူး ၆၃၄၀၊ စောင်အထည် ၃၁၅၀၊ ဆေးစိမ်ခြင်ထောင် ၄၂၀၀ စုစုပေါင်းကိုးတန်သည် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ပလတ်စတစ်စ ၁၂၀၊ စောင်အထည် ၁၂၅၀ နှင့် ရေသန့်ဘူး ၆၃၄၀ စုစုပေါင်း ၁၁ ဒသမ ၆၄ တန်သည် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း **C-130** လေယာဉ်နှစ်စင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး အမေရိကန်ကိုယ်စားလှယ်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ပစ္စည်းလက်ခံရယူရေးအဖွဲ့များထံ လွှဲပြောင်းပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၃ ရက်က တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် ကယ်ဆယ်ရေးစခန်းတွင် နိုင်ငံတကာမှ ထောက်ပံ့လှူဒါန်းထားသော ရွက်ဖျင်တဲများ၌ လေဘေးသင့်ခံရသည့် ပြည်သူများအား မိသားစုအလိုက် စနစ်တကျ နေရာချထားပေးစဉ်။ (သတင်းစဉ်)